ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ (12-1-2014) (၇၇၂၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့်ညအမှုချိန်များ

ဟဲဟိုး	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
ဟားခါး	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၃ ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စက်ရုံအတွင်း ဓာတ်မီးမှန်အမျိုးမျိုး ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်မှုနယ်မြေရှိ အဆိုပါစက်ရုံအဝင်မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်နှင့် ဦးကျော်လှိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ စက်ရုံဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

“စက်ရုံမှ ထုတ်လုပ်သည့် မှန်အရည်အသွေးမှာ အဆင့်မီကောင်းမွန်ပြီး ပြည်ပမှ တင်သွင်းလာသည့် မှန်များနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောမှန်များကို ဤစက်ရုံကြီးမှ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်”

မှန်စက်ရုံ(ကျောက်ဆည်)ဖွင့်လှစ်နိုင်ခဲ့ပြီ

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အရှေ့ဘက် ငါးမိုင်ခန့်အကွာ မြင်စိုင်းမြို့ဟောင်းရှိ စက်မှုနယ်မြေတွင် ဇန်နဝါရီ ၁၁ ရက်က မှန်စက်ရုံ (ကျောက်ဆည်)ကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဤစက်ရုံကြီးကို ၂၀၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ ပြီးစီးခဲ့သော်လည်း လောင်စာဖြစ်သည့် သဘာဝဓာတ်ငွေ့ရရှိမှု အခက်အခဲရှိသည့်အတွက် မလည်ပတ်နိုင်ခဲ့ပါ။ မှန်စက်ရုံ၏ သဘောသဘာဝသည်

ဇော်မြင့်တင်(ရွှေဘို)

ထူးခြားပြီး ခက်ခဲလှန်းလှပါသည်။ မှန်စက်ရုံ၏ မှန်ရည်ကျိုမီးဖိုကြီးသည် မှန်ရည်တန် ၈၅၀ ဝင်ဆံ့ပြီး တစ်ရက်လျှင် မှန်ကုန်ချော တန် ၁၅၀ ထွက်ရှိမည်ဖြစ်ကာ ခြောက်နှစ်ဆက်တိုက် မရပ်မနား ကုန်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ထိုအခါ အသုံးပြုမည့်ကုန်ကြမ်း အဝဝအပြင် သွင်းအားစုများဖြစ်သော ရေ၊ လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့တို့သည်လည်း ခြောက်နှစ်ဆက်တိုက် စဉ်ဆက်မပြတ် ရရှိရမည်ဖြစ်သည်။ သဘာဝဓာတ်ငွေ့ ပြတ်လင်၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

နိုင်ငံတကာအဆင့်မီ မှန်အမျိုးမျိုးထုတ်လုပ်ပေးမည့် မှန်စက်ရုံ(ကျောက်ဆည်)ကို တွေ့မြင်ရစဉ်။

ကမ္ဘာကျော်ကိုရီးယားဂျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်။

မြန်မာ့ရတနာ ဆေးဖက်ဝင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။

ရွှေပြည်နန်းနဲ့တွေ့တော့မှဘဲ ကျွန်မအပို့ တစ်မျိုးတည်းလိမ်းရုံနဲ့ ပြီးပြည့်စုံတဲ့အလှကို ရသွားတဲ့အတွက်ကြောင့် ရွှေပြည်နန်းသနပ်ခါးက ကျွန်မအတွက်တော့ တကယ့်မဟာမိတ်ဆွေတော်ကြီးပါပဲရှင်။ ညအိပ်ယာဝင်တိုင်းလည်း ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါးကို လူးပြီးမှအိပ်တော့ အသားအရေက တစ်နေ့တခြား စိုပြေပြီး ဖြူဖွေးချောမွတ်လာလို့ သူငယ်ချင်းတွေတောင် အားကျပြီး လိုက်လူးကုန်ကြပြီရှင့်။ ဆောင်းတွင်းပက် သနပ်ခါးလူးရင် အသားပတ်မယ်ထင်ထားတာ ရွှေပြည်နန်းသနပ်ခါးက ကျွန်မအတွက်တော့ တကယ့်ထူးခြားချက်ပါပဲ။

မခင်မေသူ(မဟာသီပွဲ-ပထမနှစ်)၊ အမှတ်(၁၄)ရေဝေရပ်ကွက်၊ (၇)အိမ်တန်းလမ်း၊ သာယာဝတီမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်လှလှဌေး၊ မူလတန်းပြ(အ.လ.က)၊ သာယာဝတီကွက်သစ် (၂)လမ်း၊ သာယာဝတီမြို့။

ကြေးမုံ စာတည်းရှေ့ထောင့် ၁၂-၁-၂၀၁၄၊ တနင်္ဂနွေနေ့

ပြည်သူ့အကျိုး ဝင်ငွေတိုး

ရှင်တော်မြတ်ဘုရားက မိမိရရှိသောဝင်ငွေကို လေးပုံပုံပြီး တစ်ပုံကို စားသုံး၊ တစ်ပုံကိုရွှေအိုးမြှုပ်၊ တစ်ပုံကိုရင်းနှီးမြှုပ်နှံ၊ တစ်ပုံကိုပေးကမ်းလှူဒါန်းပါ ဟူ၍ အဆုံးအမထားရှိခဲ့ပါသည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမသည် လူသားအားလုံး ကောင်းကျိုးချမ်းသာပြည့်ပစေရေးအတွက် မေတ္တာတရား ကြီးမားစွာဖြင့် ဆုံးမခဲ့ခြင်းဖြစ်သည်။

မိမိတို့ရရှိသော ပင်ငွေအပေါ်မူတည်၍ သုံးစွဲပုံစနစ်မှာ ထာဝရကောင်းမွန် မှန်ကန်ပြီး လူမှုဘဝနယ်ပယ်အားလုံးလက်ခံထိုက်သည့် ငွေကြေးသုံးစွဲပုံ စနစ်ကောင်းတစ်ခု ဖြစ်ပါသည်။ ထိုစနစ်ထဲတွင် စားသုံးခြင်း၊ မြှုပ်နှံခြင်း (စုဆောင်းခြင်း)၊ ရင်းနှီးခြင်းတို့သည် မိမိတို့၏ကိုယ်ကျိုးစီးပွားအတွက်သာ ဖြစ်ပြီး ကျန်တစ်ပုံသာလျှင် လှူဒါန်းပေးကမ်းခြင်းဖြစ်ပါသည်။

တစ်ပုံမျှသော လှူဒါန်းပေးကမ်းခြင်းအမှုကို ပြုကြရာတွင် မြန်မာ လူမျိုးများအနေဖြင့် မိမိတို့၏ ယခုဘဝ၊ နောင်တမလွန်ဘဝ ကောင်းကျိုး ချမ်းသာတို့အတွက် လှူဒါန်းမှုအမျိုးမျိုးကို ပြုတတ်ကြသော်လည်း အများ ပြည်သူအကျိုးအတွက် လှူဒါန်းခြင်းတာဝန်တစ်ရပ်ကိုမူ မေ့လျော့နေလိမ့်မည် ဟု ထင်မြင်ယူဆမိပါသည်။

ယင်းမှာ အခွန်ထမ်းခြင်းဖြစ်ပါသည်။ အခွန်ဆိုသည်မှာ နိုင်ငံတော်သို့ မိမိဝင်ငွေအချိုးအလိုက် မဖြစ်မနေပေးဆောင်ရမည့် ငွေကြေးဖြစ်ပါသည်။ ထိုငွေကြေးသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုလမ်းဖြူချောမွေ့စေရေးတို့အပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဟန်ချက်ညီကာ အဆင်ပြေမှုတစ္စာဖြင့် လည်ပတ်နိုင်ရေးအတွက် အထောက်အကူပြုသဖြင့် အခွန်ထမ်းခြင်းသည် နိုင်ငံတော်အကျိုးကို ပါပင်ဆောင်ရွက်သလို အများ ကောင်းကျိုးအတွက်လည်း ကောင်းမှုကုသိုလ်ပြုခြင်းမည့်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ကမ္ဘာပေါ်တွင် မည့်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက် မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သောအခွန်ဘဏ္ဍာငွေ များကို ကြည်သာပျူငှာစွာ ပေးဆောင်မြင်းသည်ပင် လွတ်လပ်သောလူမျိုးအမြစ် ထင်ရှားစေသော မှတ်ကျောက်ဖြစ်ပေသည်"ဟု မိန့်ကြားထားသည်။

လူ့အဖွဲ့အစည်းအတွင်းမှ လူတို့အတွက် စားပတ်နေရေးလိုအပ်ချက်၊ ဆက်သွယ်သွားလာရေးလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်၊ လုံခြုံရေး လိုအပ်ချက် အစရှိသည်ဖြင့် လိုအပ်ချက်ပေါင်းများစွာ ရှိနေမည်ဖြစ်သည်။ ထိုလိုအပ်ချက်များကို လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ရန်မှာ နိုင်ငံတော်ကသာ ဦးဆောင် ဦးရွက်ပြုနိုင်ပေလိမ့်မည်။ ထိုသို့ ဦးဆောင်စီမံမှုပြုနိုင်ရန်အတွက် လုံလောက် သောငွေကြေး လိုအပ်ပေသည်။ ထိုငွေကြေးကို အခွန်ထမ်းပြည်သူများက ထည့်ပင်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေသည်။

ဘာသာရေးအရပြောရလျှင် တိုင်းပြည်နှင့် ပြည်သူပြည်သားအားလုံး အကျိုးစီးပွားအတွက် တာပန်သိသိ မဖြစ်မနေ ပါဝင်လှူဒါန်းခြင်းဖြစ်ပြီး နိုင်ငံရေးအရပြောရလျှင် ပြည့်စုံသောဘဏ္ဍာရေးဖြင့် တည်တံ့ခိုင်မြဲပြီး သာယာဖွံ့ဖြိုးသော နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဖြင့် ပြည်သူ့ဝတ္တရားတစ်ခုကို ထမ်းဆောင်ခြင်းဖြစ်ပေသည်။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်သာယာရေးအတွက် မြားမြောင် လှသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန် လူ့အဖွဲ့အစည်း အတွင်းမှ ထည့်ဝင်ထိုက်သော လူတို့၏ ငွေကြေးအစုထည့်ပင်မှုစနစ်တစ်ခု ကို ကျင့်သုံးဆောင်ရွက်ရခြင်းဖြစ်သည်။

ထိုသို့ အများအကျိုးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထူထောင် ရာ၌ ကုန်ကျစရိတ်များကို ကျခံနိုင်ရန် ပွေကြေးဝေစု ထည့်ပင်ရခြင်းသည် အခွန်ထမ်းခြင်းမည်သော်လည်း ဖြူစင်စွာ အခွန်ထမ်းခြင်းဖြစ်စေဖို့အတွက် မြန်မာပီပီ လှူဒါန်းခြင်းဖြစ်သည်ဟုလည်း မှတ်ယူထိုက်ပါသည်။ ဥပမာ တံတား တစ်ခုတည်ဆောက်ရန်၊ ဝညာတစ်ရပ်တတ်မြောက်ရန်၊ လူအများကျန်းမာရန် ဆောင်ရွက်ပေးခြင်းတို့သည် အလှူကုသိုလ်ပြုသကဲ့သို့ဖြစ်သည်။

သို့ဖြစ်ရာ အများအကျိုးအတွက် ထည့်ပင်ပေးသောပွေကြေးသည် ပွန်မြတ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်မြင်းဖြစ်၍ အများပြည်သူ အားလုံး ဝိုင်းဝန်းကူညီပေးဖို့ ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာသံအမတ်ကြီး ဦးတင်ဝင်း တာဝန်ပြီးဆုံး၍ ထိုင်းနိုင်ငံအိမ်ရှေ့မင်းသားအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၁

တာပန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ပင်းသည် ထိုင်းဘုရင်မှ ကိုယ်စားတာဝန်ပေးအပ်သည့် အိပ်ရှေ့မင်းသား His Royal Highness Crown Price Maha Vajiralongkorn ထံသို့ ဒီဇင်ဘာ ၆ ရက်တွင် သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။(အပေါ်ပုံ) ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်က ထိုင်းဘုရင်မင်းမြတ်၏ (၈၆) နှစ်မြောက် မွေးနေ့အခါသမယတွင် ဘုရင်မင်းမြတ် ကျန်းမာချမ်းသာစေရန် ဆုတွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲတွင် အိမ်ရှေ့မင်းသား၏ သမီးတော်ပါဝင် ယှဉ်ပြိုင်သည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိပါ ကြောင်းတို့ကို သံအမတ်ကြီးက ပြောကြားသည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွင်သာမက အားကစား၊ ယဉ်ကျေးမှု၊ ကာကွယ်ရေးနှင့် လွှတ်တော် အချင်းချင်း ဆက်ဆံရေးစသည့် ကဏ္ဍများတွင်ပါ တိုးတက် လျက်ရှိသော ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွက် သတင်းထောက်ကတ်များ ထုတ်ပေးရန်စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၁၁

ညောင်ဦးခရိုင် ပုဂံမြို့တွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးတွင် သတင်းရယူကြမည့် ပြည်တွင်း ပြည်ပ သတင်းထောက်များနှင့် နိုင်ငံခြား သတင်းထောက်များအသင်း သတင်း ထောက်များအတွက် ဝင်ခွင့်ကတ် လျှောက်ထားခြင်းကို ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း နေပြည်တော်တွင် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လက်ခံ ဆောင်ရွက်ပေးလျက်ရှိပြီး သတင်း ထောက်ဝင်ခွင့်ကတ်များကို ဇန်နဝါရီ ၁၄ ရက် ရုံးချိန်အတွင်း ညောင်ဦး ခရိုင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ် နန်းမြင့်ဆောင်၌ သက်ဆိုင်ရာ မီဒီယာအဖွဲ့၏ ထောက်ခံချက် တင်ပြပြီး စတင်ထုတ်ယူနိုင်ကြ သည်။

ထို့ပြင် အာဆီယံနိုင်ငံခြားရေး ဝန်ကြီး အစည်းအဝေးနှင့် စပ်လျဉ်း သည့် သတင်းထုတ်ပြန်ချက်များ ကို www.asean 2014.gov.mm နှင့် www.moi.gov.mm တို့တွင် အချိန်နှင့်တစ်ပြေးညီ သတင်းရယူ နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဥတုရာသီ တောကို မှီငါ

စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ယခုစက်ရုံကိုတည်ဆောက်ခဲ့ခြင်းဖြစ် အနာဂတ်အတွက် ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ်(၁၈)အကြီးစားစက်ရုံ (အင်းကုန်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ အမှတ်(၁၈) အကြီးစားစက်ရုံ(အင်းကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်ရုံအား ၂၀၀၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စက်ရုံဖွင့်လှစ်၍ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှု၊ ၂၀၁၁ ခုနှစ် ဇွန် ၁၀ ရက်တွင် စက်ရုံအား စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့မှုနှင့် စက်ရုံမှထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးမြင့်လှိုင်တို့က စက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်နေရာ ပိုမိုရရှိရေးနှင့် တောင်သူများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးတို့အတွက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် တိုးတက်လာမည့် လူဦးရေအတွက်စားနပ်ရိက္ခာဖူလုံမှုရှိစေရန် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သမားရိုးကျနည်းလမ်းများဖြင့် ဆောင်ရွက်၍ မရကြောင်း၊ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ယခုစက်ရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံ၏ ထုတ်လုပ်မှု၊ ဖြန့်ချိမှုလုပ်ငန်းစဉ်များသည် သွက်လက်မြန်ဆန်ရန် လိုအပ်ကြောင်း၊ မိမိတို့ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို လက်တွေ့အသုံးပြုသည့် တောင်သူလယ်သမားများထံမှ အကြံပြုချက်များကို ရယူပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ပြုပြင်ထုတ်လုပ်ရန် လိုအပ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်ပြီး လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများ လက်ဝယ်ရောက်အောင် ပို့ဆောင်ပေးရန်လိုကြောင်း။

ဈေးကွက်တွင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ စက်ပစ္စည်း ထုတ်လုပ်မှုတစ်ခုတည်းသာမဟုတ်ဘဲ စက်ရုံမှ ဈေးကွက်သို့ ဈေးကွက်မှ တောင်သူလက်ထဲသို့ ရောက်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးကို စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံအတွင်းရှိ အမှတ်(၁)စက်ဝစ္စည်း ထုတ်လုပ်မှုအလုပ်ရုံတွင် အင်ဂျင်နှင့် ဂီယာဘောက်များ၏ ဘလောက်တုံး၊ ကာဘာ၊ ကင်ရှပ်နှင့် ကရိုင်းရှပ်များအား စက်ခုတ်စားနေမှုနှင့် အင်ဂျင်တပ်ဆင်နေမှု၊ အမှတ်(၂)အလုပ်ရုံတွင် ပုံဖိုနှင့်သံဂဟေလုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ လက်တွန်းထွန်စက်နှင့် ကောက်ရိတ်စက်များအား နောက်ဆုံးအဆင့်တပ်ဆင်ခြင်းနှင့် စက်စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှတ်(၃)အလုပ်ရုံတွင် အင်ဂျင်နှင့် ဂီယာအိမ်များအတွင်းရှိ ဂီယာနှင့်ရှပ်အမျိုးမျိုးတို့အား စက်ခုတ်စားခြင်းနှင့် အမာသတ္တုမြှင့်တင်ခြင်းဆောင်ရွက်နေမှု၊ သံရည်ကျိုအလုပ်ရုံ (Foundry Shop) တွင် သံရည်ကျိုပုံလောင်းနေမှုနှင့် ရိတ်သိမ်းခြွေလှေ့စက် ထုတ်လုပ်မှုအလုပ်ရုံတွင် ရိတ်သိမ်းခြွေလှေ့စက်များ တပ်ဆင်ထုတ်လုပ်နေမှုတို့ကို လှည့်လည် ကြည့်ရှုသည်။

အဆိုပါစက်ရုံတွင် (၂၂)ကောင်ဒီဇယ်အင်ဂျင်(22 HP)၊ (၁၆)ကောင်ဒီဇယ်အင်ဂျင် (16 HP)၊ ဂီယာဘောက်(ရော-၁)၊ လက်တွန်းထွန်စက်(ရော-၂)၊ လက်တွန်းထွန်စက်(လယ်ယာ-၁၆/၂၂)နှင့် စပါးရိတ်စက်တို့ကို ထုတ်လုပ်လျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက် အမျိုးမျိုးကိုလည်း ပြည်ပမှ စက်အစိတ်အပိုင်းများမှာယူ၍ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ် ရဲရမန်းကျေးရွာအနီးရှိ ရဲရွာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စီမံကိန်းရှုရပ်မှုနေ၍ ရဲရွာရေလှောင်တမံနှင့် ဓာတ်အားထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ၁၉၂၄ ခုနှစ် Hydroelectric of Burma by Raikes ဖြင့် ဗြိတိသျှကုမ္ပဏီက စတင်လေ့လာခဲ့သည့် အချိန်မှ စတင်၍ ၂၀၁၀ ခုနှစ်အထိ စီမံကိန်းဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက် ပြီးစီးပြီးဖြစ်သည့် ၇၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ရဲရွာရေအားလျှပ်စစ်၊ ဆောင်ရွက်ဆဲ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း (၂၈၀ မဂ္ဂါဝပ်)၊ ထပ်မံတည်ဆောက်ရန် လျာထားသည့် စီမံကိန်းများနှင့် စီမံကိန်းပြီးစီးပါက မြစ်ငယ်မြစ်ကြောင်းတစ်လျှောက်ရှိ ရေအားလျှပ်စစ် စီမံကိန်းများမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀၀ ခန့် ထုတ်လုပ်နိုင်မည့် အခြေအနေများ၊ နိုင်ငံအတွင်း တည်ရှိပြီးနှင့် ထပ်မံတည်ဆောက်မည့် ဓာတ်အားလိုင်းများ အခြေအနေ၊ ရန်ကုန်မြို့အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၁၀၀၀ မဂ္ဂါဝပ်ဖြစ်သည့်အနက် ၂၀၀၃ ခုနှစ်နွေရာသီတွင် ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ ၂၈၀ မဂ္ဂါဝပ်သာထုတ်လုပ်နိုင်သဖြင့် လိုအပ်သည့် ၇၂၀ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းမှ ဖြည့်တင်းပေးခဲ့ရမှုအခြေအနေ၊ ယခုနှစ်တွင် ထိုင်းနိုင်ငံမှရရှိသည့် သဘာဝဓာတ်ငွေ့သုံးစက်နှစ်လုံး၊ ပုဂ္ဂလိကစက်ရုံလေးရုံနှင့်မူလရှိပြီး သဘာဝဓာတ်ငွေ့သုံးစက်ရုံများ ပူးပေါင်းပြီး ၆၆၅ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ၃၃၅ မဂ္ဂါဝပ်ကိုသာ ထပ်မံဖြည့်တင်းပေးရမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားရရှိမှု ပိုမိုတည်ငြိမ်မှုရှိလာမည့် အခြေအနေ၊ မြန်မာတစ်နိုင်ငံလုံး ဂျီဒီပီတိုးတက်နှုန်းနှင့် လူဦးရေတိုးတက်မှုနှုန်းကို အခြေခံတွက်ချက်မှုများအရ ဓာတ်အားလိုအပ်ချက်နှစ်စဉ် ၁၃ ရာခိုင်နှုန်းတိုးတက်လာနိုင်သည့် အခြေအနေနှင့် ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများက ဓာတ်အား ထုတ်လုပ်ပို့လွှတ်မှုဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးမှာကြားရာတွင် ရန်ကုန်မြို့အား နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန် အတွက် အလေးထားဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်အတွင်း သွယ်တန်းထားနေသည့် လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ချင်းပြည်နယ်သို့ သွယ်တန်းမည့် လျှပ်စစ်ဓာတ်အားလိုင်းများကို အမြန်အကောင်အထည်ဖော်ရန်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ရွှေကူ ဒေသများသို့ လျှပ်စစ်ဓာတ်အား ဝေးနိုင်မည်ဖြစ်သည့်အတွက် ဖားကန့်ဒေသသို့ လျှပ်စစ်ဓာတ်အား ပြန့်ပြူးနိုင်ရေးအတွက် စတင်ဆောင်ရွက်ရန်၊ ဂျပန်နိုင်ငံ JICA ၏ အကူအညီဖြင့် ဆောင်ရွက်နေသော Master Plan Study ၏ ကြားဖြတ်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လက်ရှိလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်မှ ၇၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၃ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် နွေရာသီရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လျော့နည်းသွားချိန်တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု ဖော်ပြထားကြောင်း။

ထိုအစီရင်ခံစာက ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ရေအားလျှပ်စစ် ၄၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၄၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ခြောက်ရာခိုင်နှုန်းနှင့် နေရောင်ခြည်နှင့် လေစွမ်းအင်နှစ်ရာခိုင်နှုန်းဖြစ်အောင် ဆောင်ရွက်ရန် အကြံပြုထားပြီး ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ရှိသင့်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အချိုးကိုလည်း တင်ပြထားကြောင်း၊ အနာဂတ်တွင် ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည် စာမျက်နှာ ၈ သို့ ☆

စာမျက်နှာ ၈ သို့ ☆

The Voice Daily နေ့စဉ်သတင်းစာ (တနင်္ဂနွေ မှ သောကြာ) လပေးဝယ်ယူဖတ်ရှုသော စာဖတ်ပရိသတ်များသည် အပတ်စဉ်ထုတ် The Voice Weekly နှင့် စနေနေ့ထုတ် မေတ္တာလက်ဆောင်သတင်းစာရယူလိုပါက အောက်ဖော်ပြပါ နှုန်းထားများအတိုင်း ဆက်သွယ်မှာယူနိုင်ပါသည်။

The Voice Weekly		The Voice Daily		
၁လ - ၁၈၀၀ ကျပ်	+	၁လ - ၃၈၀၀ ကျပ်	=	၅၆၀၀ ကျပ်
၃လ - ၅၄၀၀ ကျပ်	+	၃လ - ၁၁၄၀၀ ကျပ်	=	၁၆၇၀၀ ကျပ်
၆လ - ၁၀၂၀၀ ကျပ်	+	၆လ - ၂၂၈၀၀ ကျပ်	=	၃၂၉၀၀ ကျပ်

■ ရန်ကုန်။ ॥ ၀၉ ၄၂၁ ၁၁၈၃၂၇၊ ၀၉ ၄၄၈ ၀၁၄၃၁၃ ■ မန္တလေး။ ॥ ၀၂-၇၄၁၁၃၊ ၀၉၄၂၀၀၆၄၁၇၇၊ ၀၉၄၂၀၅၇၅၇၂

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများတွင် ဝါဝင်သည့် ကလေးအရုပ်ထုတ်လုပ်ရေးလုပ်ငန်းကို တွေ့ရစဉ်။

၂၀၁၃ခုနှစ် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏ စံချိန်တင် အမေရိကန်ဒေါ်လာ လေးထရီလီယံ ကျော်လွန်

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများ တင်ပို့မှုအရ ကုန်သွယ်မှုပမာဏသည် ၂၀၁၃ ခုနှစ်တွင် ပထမဆုံးအကြိမ် အမေရိကန်ဒေါ်လာ လေးထရီလီယံကို ကျော်လွန်ခဲ့ရာ ကမ္ဘာပေါ်တွင် ကုန်သွယ်ရေးအရ အင်အားအကြီးဆုံး နိုင်ငံအဆင့်အတန်းသို့ ရောက်ရှိလာကြောင်း အကောက်ခွန်ဌာနက ဇန်နဝါရီ ၁၀ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံမှ ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်က ၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁ ထရီလီယံဖိုးရှိကြောင်း၊ သွင်းကုန် ပမာဏမှာ ၇ဒသမ ၃ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၅ ထရီလီယံဖိုးရှိကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေမြှမှသည့် ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၈ ရာခိုင်နှုန်း ပိုမြင့်တက်ကာ အမေရိကန် ဒေါ်လာ ၂၅၉ ဒသမ ၇၅ ဘီလီယံအထိ ရှိလာသည်။

တရုတ်နိုင်ငံသည် ဝန်ဆောင်မှုလုပ်ငန်းများအရ ကုန်သွယ်မှု မပါဝင်ဘဲ ကုန်ပစ္စည်းများ တင်ပို့မှုအရ ကုန်သွယ်မှုကို ကြည့်ပါက ကမ္ဘာအကြီးဆုံး ကုန်သွယ်ဖောက်ကားမှုနိုင်ငံအဖြစ် ရပ်တည်လာကြောင်း၊ အမေရိကန် ပြည်ထောင်စု၏ ကုန်ပစ္စည်းများ တင်ပို့မှုအရ ကုန်သွယ်မှုပမာဏသည် ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက ပိုမိုလျော့နည်းကြောင်း၊ သို့ရာတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် လွန်ခဲ့သည့်နှစ်အတွင်း ကုန်သွယ်မှု ပမာဏမည်မျှရှိသည်ကို အပြည့်အစုံ ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

အမေရိကန် သံတမန်တစ်ဦး ရုပ်သိမ်းရန် အိန္ဒိယ ပြောကြား

နယူးဒေလီ ဇန်နဝါရီ ၁၁

အိန္ဒိယသံတမန်တစ်ဦးကို နယူးယောက်မြို့၌ ဖမ်းဆီးခဲ့ခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံအငြင်းပွားလျက်ရှိရာ အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စုကို ၎င်း၏ သံတမန်တစ်ဦးအား ရုပ်သိမ်းခိုင်းလိုက်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဒေဗယာနီခိုဘရာဂါဒဲသည် ရာဇဝတ်မှု ကျူးလွန်သည်ဟု စွဲချက်တင်ခံရပြီး အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာရန် အမိန့်ပေးခံရသည့်အတွက် မိခင်အိန္ဒိယနိုင်ငံသို့ ပြန်လာနေပြီဖြစ်သည်။

လွန်ခဲ့သည့်လက ဗီဇာလိမ်လည်မှု၊ အိမ်အကူအမျိုးသမီးအား လစာလျှော့ပေးမှုတို့ ကျူးလွန်သည်ဟု စွပ်စွဲကာ ၎င်းကို နယူးယောက်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဖမ်းဆီးရာတွင် လက်ထိတ်ခတ်ခြင်း၊ အဝတ်အစားများ အချွတ်ခံရခြင်းနှင့် သံတမန်ကင်းလွတ်ခွင့် ငြင်းဆိုခံရခြင်းတို့ကြောင့် အိန္ဒိယက အမေရိကန်ပြည်ထောင်စုကို တောင်းပန်ရန် တောင်းဆိုခဲ့သည်။

မစ္စခိုဘရာဂါဒီက ၎င်းသည် မည်သည့်အမှားအယွင်းမျှ ပြုလုပ်ခဲ့ခြင်းမရှိဟု ဆိုသည်။ ၎င်းသည် နယူးယောက်မြို့ရှိ အိန္ဒိယသံရုံးတွင် အထွေထွေ ဒုတိယကောင်စစ်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်သည်။

ဘီဘီစီ။

ပနားမားတူးမြောင်း တိုးချဲ့ဖောက်လုပ်မှုအတွက် ကုန်ကျစရိတ် ထပ်မံတောင်းခံမှု အငြင်းပွား

ပနားမားစီးတီး ဇန်နဝါရီ ၁၁

ပနားမားတူးမြောင်း၏ ရေလမ်းကြောင်းကို တိုးချဲ့ဖောက်လုပ်နိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်စေရန် နောက်ထပ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထပ်မံပေးရန် ကုမ္ပဏီအုပ်စုတစ်စုက တောင်းဆိုမှုကို ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ပနားမားတူးမြောင်းသည် ကမ္ဘာပေါ်တွင် ကုန်သင်္ဘောများ သွားလာသည့် ပင်လယ်ရေကြောင်းလမ်းများအနက် အရေးအပါဆုံး ရေကြောင်းလမ်းဖြစ်သည်။ ပနားမားတူးမြောင်းကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာတွင် မူလကန့်သတ်ချက်ထက်ကျော်လွန်ကာ ငွေကြေးတောင်းခံလာမှုကြောင့် တူးမြောင်းအာဏာပိုင်အဖွဲ့နှင့် ကုမ္ပဏီပေါင်းစုံပါဝင်သော အဖွဲ့တစ်ဖွဲ့တို့အကြား အငြင်းပွားမှုများ ပိုမိုပြင်းထန်လာသည်။

သဘောကွဲလွဲ

ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ကုမ္ပဏီများဘက်မှ အလွန်အကျွံ ငွေကြေးတောင်းခံလာမှုကို ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ပယ်ချခဲ့ပြီးနောက် ကုမ္ပဏီပေါင်းစုပါဝင်သော အဖွဲ့မှ အီတလီကုမ္ပဏီ ဆာလီနီအင်ပရီဂီယိုက အငြင်းပွားမှုပြေလည်ရေးအတွက် အဆိုပြုချက်တစ်ရပ်ကို သီးခြားတင်ပြသော်လည်း သဘောကွဲလွဲမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ကန်ထရိုက်စာချုပ်ပါ ကန့်သတ်ချက်ထက်ကျော်လွန်သော ငွေကြေးတောင်းခံမှုများကို ပေးချေနိုင်မည်မဟုတ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့ အကြီးအကဲ ဇော်ဂျ်ကွီဂျာနိုက ပြောကြားသည်။

ကုန်ကျစရိတ်များကို အပြည့်အဝမရရှိပါက ဆောက်လုပ်ရေးလုပ်ငန်းများကို တစ်ပိုင်းတစ်စ ရပ်ဆိုင်းပစ်မည်ဟု ကုမ္ပဏီများက တောင်းဆိုခဲ့သော်လည်း အဆိုပါ အာဏာပိုင်အဖွဲ့က ပယ်ချခဲ့သည်။

ရိုက်တာ။

ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်းတွင် အထင်ကရရှိသည့် ပနားမားတူးမြောင်းတစ်နေရာကို တွေ့ရစဉ်။

ထိုင်းဆန္ဒပြပွဲ၌ ပစ်ခတ်မှုဖြစ်ပွား၊ ခုနစ်ဦး ဒဏ်ရာရ

ဗန်ကောက် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စနေနေ့ နံနက်စောစောပိုင်းတွင် အစိုးရဆန့်ကျင်ရေးသမား ဆန္ဒပြသူများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခုနစ်ဦးဒဏ်ရာရခဲ့ပြီး ၎င်းတို့အနက်တစ်ဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း ရိုက်တာသတင်း ဌာနက ဖော်ပြသည်။

ဆန္ဒပြသူများက ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝါထရာကို ရာထူးမှ ပြုတ်ကျစေရန် အချိန်ကာလကြာမြင့်စွာကြိုးစားလျက်ရှိကြရာတွင် လာမည့်သီတင်းပတ်၌ မြို့တော်ကိုပိတ်ဆို့ရန် ကြိုးဝမ်းကြသည့်အခါ အကြမ်းဖက်မှုများ ပိုမိုပြင်းထန် လာမည်ကို စိုးရိမ်မှုကြီးမားလျက်ရှိသည်။

ဗန်ကောက်မြို့ နိုင်ငံခြားဧည့်သည်များ စတည်းချရာ ခါအိုစန်လမ်းအနီးလမ်းဆုံတွင် ယနေ့နံနက်စောစောပိုင်းမှာ ပစ်ခတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူအများစုမှာ ဆန္ဒပြသူများဖြစ်ကြကြောင်း၊ သေနတ်သမားများသည် မည်သူများဖြစ်ကြသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ အဒူဘောင်စင်ကော်က ပြောကြားသည်။

သောကြာနေ့တွင် ဗန်ကောက်မြို့တော်၏ အပြင်ဘက်၌ အစိုးရကို ဆန္ဒပြသူများနှင့် ထောက်ခံသူများ အကြား ရန်းရင်းဆန်ခတ်ဖြစ်ပွား၍ အနည်းဆုံးလူခြောက်ဦး ဒဏ်ရာရရှိပြီးနောက် ယင်းသို့ ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်။

စနေနေ့၌ကျင်းပသည့် အမျိုးသားကလေးများနေ့အထိမ်းအမှတ်အခမ်းအနား၌ ထိုင်းကြည်းတပ်အကြီးအကဲ ဝရာရွတ်ချန်အိချာက နောက်သီတင်းပတ်၌ အကြမ်းဖက်မှုများအရှိန်မြင့်လာမည်ကို စိုးရိမ်မိကြောင်း ပြောကြားသည်။

ရိုက်တာ။

ဗန်ကောက်မြို့တွင် ထိုင်းအစိုးရအား ဆန့်ကျင်ဆန္ဒပြမှုကို တွေ့ရစဉ်။

ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ ဘာသာရေးကျောင်း တိုက်ခိုက်ခံရ

ဒမတ်စကတ် ဇန်နဝါရီ ၁၁

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟွမ်းစ်ပြည်နယ်၌ ဇန်နဝါရီ ၉ ရက် ညနေပိုင်းက မော်တာကျည်ကျရောက်ပေါက်ကွဲရာ ခုနစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာ ရရှိကြောင်း နိုင်ငံပိုင်ဆာနားသတင်းဌာနက ဇန်နဝါရီ ၁၁ ရက်တွင် သတင်း ထုတ်ပြန်သည်။

မကြာခဏဖြစ်ပေါ်

ဟားမာရာမြို့ရှိ အိုမာဘင်အယ်လ်-ခါးတက်ဘ်ဘာသာရေး အဆောက်အအုံအနီး မော်တာကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။ ဆီးရီးယားနိုင်ငံရှိ မြို့အချို့တွင် မော်တာဖြင့် တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိကြောင်း၊ နိုင်ငံအလယ်ပိုင်း ဟားမားမြို့တွင်လည်း တိုက်ခိုက်မှုကြောင့် ၁၆ ဦးသေဆုံးပြီး ၀၀ ဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ၊ ပူတင်ထံမှပေးပို့သော သဝဏ်လွှာတွင် လွတ်လပ်ရေးနေ့အခါသမယ၌ ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အစဉ်အလာမပျက် ရင်းနှီးချစ်ကြည်မှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ် အခြေခံသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး မိုမိုတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့၏နိုင်ငံများ ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ တည်ငြိမ်မှုနှင့် လုံခြုံမှုတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စေရန်နှင့် မြန်မာပြည်သူများ တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

နီပေါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာရမ်ဘာရမ်ရာဒေဗ်ထံမှ ပေးပို့သော သဝဏ်လွှာ၌ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာမှုနှင့် တိုးတက်အောင်မြင်မှုတို့နှင့် ပြည့်စုံစေရန် ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးသန်စန်းထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ အမျိုးသားရေးတည်ဆောက်မှုလုပ်ငန်းစဉ်သည် အဆွေတော်၏ ဦးဆောင်မှုနှင့် ပြည်သူများ၏ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုတို့အရ အောင်မြင်မှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌရာထူးနေရာကို ရယူနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ကမ္ဘာ့အလယ်တွင် မြှင့်တင်နိုင်ခဲ့ကြောင်း။

မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားများအလို့ငှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်မြှင့်တင်သွားကြမည်ဖြစ်ကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ပေးပို့သည်။

ဘရူနိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန် ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယားထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာ့လွတ်လပ်ရေးနေ့ အခါသမယ၌ ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အာဆီယံနှစ်အတွင်း မြန်မာအစိုးရအဖွဲ့၏ ခိုင်မာသော အားပေးမြှင့်တင်မှုကို ချီးကျူးဝဏ်ပြုပါကြောင်း၊ ယခုနှစ်တွင် အာဆီယံ၏ဥက္ကဋ္ဌအဖြစ် အောင်မြင်မှုရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးတိုးတက်မြင့်မားမှုတို့အတွက် မိမိတို့ ဆက်လက်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

အစ္စရေးဝန်ကြီးချုပ်ဟောင်း အေရီရယ် ရှရွန် ကွယ်လွန်

ဂျေရုစလင် ဇန်နဝါရီ ၁၁

အစ္စရေးစစ်ဗိုလ်ချုပ်ကြီးဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း အေရီရယ် ရှရွန်သည် ဝန်ကြီးချုပ်တာဝန်မှ အနားယူပြီး ရှစ်နှစ်တာကာလအတွင်း လေသင်တုန်းဝေဒနာခံစားနေရပြီး ဇန်နဝါရီ ၁၁ ရက်က အသက် ၈၅ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏ မိသားစုနှင့် အစိုးရက ထုတ်ပြန်ကြေညာသည်။

ရှရွန်၏သား ဂီလဒ်က ၎င်း၏ဖခင်သည် ဆေးဝါးကုသမှုခံယူနေသည် ဆေးရုံ၌ပင် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ကြေညာသည်။ ဆရာဝန်များက ရှရွန်၏ ကျန်းမာရေးအခြေအနေသည် လွန်ခဲ့သည့်သီတင်းပတ်ကတည်းက ဆိုးရွားလျက်ရှိပြီး ကွယ်လွန်လုနီးပါးဖြစ်နေပြီဟု ခန့်မှန်းထားခဲ့ကြသည်။

အေရီရယ်ရှရွန်သည် အစ္စရေးနိုင်ငံ၏ အထင်ကရဝဂ္ဂိုလ်တစ်ဦး ဖြစ်သကဲ့သို့ ဝေဖန်ဆန်သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ရှရွန်သည် ၁၉၂၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉၉၀ ခုနှစ်ထိ စက်မှု၊ ကုန်သွယ်ရေးနှင့် အလုပ်သမားဝန်ကြီး၊ ၁၉၉၀ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ အိမ်ရာနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ စွမ်းအင်နှင့် ရေအရင်းအမြစ်ဝန်ကြီး၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီး တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ခုနှစ် မှ ၂၀၀၆ ခုနှစ်ထိ အစ္စရေးနိုင်ငံ၏ (၁၁)ယောက်မြောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ (အေပီမီးစီး)

မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

အကြိမ် (၆၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဒေါပုံမြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အဖွင့်မိန့်ခွန်းပြောကြားပြီး ညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ Universal Health Coverage မှ Prof. Dr. Keizo Takemi က ဂျပန်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး လွှမ်းခြုံမှုနည်းစနစ်ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံဆရာဝန်ညီလာခံသို့ အသင်းအဖွဲ့များမှ ပေးပို့လာသည့် သဝဏ်လွှာကိုဖတ်ကြားပြီး ပြည်မဆရာဝန်အသင်းများက ညီလာခံအထိမ်းအမှတ် လက်ဆောင်များပေးအပ်ကာ ညီလာခံဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ညီလာခံဖွင့်ပွဲအပြီးတွင် ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ဖွင့်ပွဲကျင်းပရာ အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရမြတ်က ညီလာခံအထိမ်းအမှတ်ဆေးနှင့် ဆေးပစ္စည်းပြခန်းများမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ဆေးနှင့် ဆေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အကြိမ်(၆၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံနှင့်အတူ ဆေးနှင့် ဆေးပြခန်းပေါင်း ၁၁၀ ပြသထားသည်။ (သတင်းစဉ်)

ဟားခါး-ထန်တလန်-ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေး လမ်းလုပ်ကိုင်ခွင့်ရကုမ္ပဏီများ လုပ်ငန်းစတင်

ထန်တလန် ဇန်နဝါရီ ၁၁

ဟားခါး - ထန်တလန် - ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေးလမ်း လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများအနက် စွမ်းအားပြည့်ကုမ္ပဏီက ပြီးခဲ့သည့် ဒီဇင်ဘာလမှစ၍ လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ချင်းပြည်နယ် အကြား ဒုတိယမြောက်နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သော အဆိုပါလမ်းကို နိုင်ငံတော်မှ နယ်စပ်ကုန်သွယ်ရေးလမ်းအဖြစ် သတ်မှတ်ပြီးနောက် လမ်းအဆင့်တိုးမြှင့်ဖောက်လုပ်နိုင်ရေးအတွက် တင်ဒါခေါ်ယူရာ မွမ်းအားပြည့်ကုမ္ပဏီက မိုင်တိုင်အမှတ် (၁၂/၀)နှင့် (၂၂/၄) အတွင်းကို လည်းကောင်း၊ မန်းပြည့်တံခွန်ကုမ္ပဏီက မိုင်တိုင်အမှတ် (၂၄/၄) နှင့် (၄၄/၀) အတွင်းကို လည်းကောင်း၊ ထိုက်စင်ကုမ္ပဏီက မိုင်တိုင်အမှတ် (၅၄/၄) နှင့် (၆၀/၁) အတွင်းကို လည်းကောင်း လုပ်ပိုင်ခွင့်ရရှိခဲ့သည်။

အဆိုပါလမ်းသည် ယခင်မြည်သူ့ဆောက်လုပ်ရေးပိုင် ပေ ၁၀ လမ်းကို အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းဖြစ်ပြီး အဖြောင့်တွင် ၂၄ ပေ၊ အကွေ့နေရာတွင် ၃၄ ပေအကျယ်ဖြင့် ဖောက်လုပ်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ၏ တင်းတာတွက်ချက်မှုအရ ကျပ် ၁၆၁၃ ဒသမ ၁၁၆ သန်း ကုန်ကျမည်ဟု ခန့်မှန်းကြောင်းနှင့် လုပ်ငန်းကာလမှာ စာချုပ်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက် အကျဉ်းထောင်/ စခန်းများရှိ အကျဉ်းသား၊ အချုပ်သားနှင့် ရဲဘက်များ စားသုံးရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံနှင့် စည်းကမ်းချက်များ

စတင်ရောင်းချမည့်ရက်	- ၁၀-၁-၂၀၁၄ ရက်
တင်ဒါပုံစံရောင်းချမည့်နေရာ	- ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၈-၁-၂၀၁၄ ရက် (၁၀:၀၀)နာရီ
တင်ဒါဖွင့်မည့်နေရာ	- ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၇၄-၂၀၆၇၄၊ ၀၇၄-၂၁၄၀၁၊၀၉-၆၄၀၀၃၂၆သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါကျွန်းအုပ်စုများပေါ်မှ ဇီဝဖိုးဇက်သိက်များကို တစ်ဦးတည်း စုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်။

စဉ်	လုပ်ပုံ	ကျွန်းအုပ်စု အမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလုနှင့် ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၀၅-၁-၂၀၁၄ ရက် နံနက် ၁၀:၀၀ နာရီ
၃။ တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် - ၂၇-၁-၂၀၁၄ ရက် မွန်းလွဲ ၁၆:၃၀ နာရီ
၄။ တင်ဒါရောင်းချမည့်နေ့ - ၃၀-၁-၂၀၁၄ ရက် နံနက် ၁၀:၀၀ နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင်ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊
ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၃၉

အိမ်ခန်းရောင်းမည်
ကိုယ်ပိုင်နေရန်အတွက်အဆင့်မြင့်သည်။အငှားထားလျှင်ဈေးကောင်းရမည်။
ကျောက်မြောင်း၊ မြို့သစ်(၃)လမ်း၊ တတိယထပ်၊ (15'x50')အလင်းရောင်၊ လေကောင်းလေသန့်ကောင်းသည့်ထောင့်ခန်း၊ အိမ်ရှေ့ဗာရန်ဒါခွဲတံခါးမကြီး၊ အဆင့်မြင့်ပန်းကနုတ်၊ သပန်းများနှင့်ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်ထားသည့် ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ၊ တစ်အိမ်လုံးပြည့်တပ်ဆင်ပြီး၊ (အိပ်ခန်း(2)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ပလာစတာကောနစ်၊ အဆင့်မြင့်မီးအလှများနှင့်၊ မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများတစ်အိမ်လုံးပြည့်ခင်း/ကပ်၍၊ မီးဖိုခုံနှင့်ဘီရိုများပါရှိသည်။ ရေချိုးခန်း Pressur Pump ရေပူ/ ရေအေးတပ်ဆင်ပြီး၊ ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)
(ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(415) Ph:09-5053076

ဘယ်နေ့လာမှာလဲ စောင့်နေမယ်နော်
ကွတ်ကဲ နှင့်အတူ
ဒုတိယအကြိမ် မြန်မာမီနီဆလွန်းကားအသစ် (၁)စီး နှင့် ရွှေသားဆုမဲပေါင်းများစွာ ကံထူးနိုင်မည့်
အခွင့်အရေးကြီးကို ထပ်မံရယူလိုက်ပါ
GOOD CARE®
အမျိုးသမီးလစဉ်သုံးပစ္စည်း
ကံစမ်းမဲကာလ (၁.၁.၂၀၁၄) မှ (၃၀.၆.၂၀၁၄) ထိ
အရောင်းကိုယ်စားလှယ်ကြီးများအတွက် (၃၀)ထုပ် ဝယ်ယူပါက ကံစမ်းမဲ (၅)စောင် နှင့် ဝယ်ယူသုံးစွဲသူပြည်သူများအတွက် (၃)ထုပ်ဝယ်ယူပါက ကံစမ်းမဲ (၁)စောင် ရယူနိုင်ပါပြီ ...
Hot Line: 0973066007

ပြည်တွင်းရေးရာ

❂ ဒုတိယသမ္မတမှ

ရေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် နိုင်ငံတော်အတွက် အားကစားအောင်ပွဲများဆွတ်ခူးပေးနိုင်ရန်ဆိုသည်မှာ ကြီးမားသော စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း၊ သို့သော် ဤစိန်ခေါ်မှုကြီးကို အားကစားမောင်မယ်များက နိုင်ငံ့သားကောင်း သမီးကောင်း အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်သည့်အခွင့်အလမ်းကောင်းအဖြစ် ပြောင်းလဲပေးနိုင်ခဲ့၍ အထူးပင်မြောက်ဂုဏ်ယူရပါကြောင်း။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသမိုင်းတစ်လျှောက် အောင်ပွဲများနှင့် ဝေးကွာနေခဲ့ရာမှ မောင်တို့မယ်တို့၏ ဝွမ်းစွမ်းတမံအားထုတ်မှုကြောင့် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်းဆုတံဆိပ် ၂၃၃ ခုရရှိပြီး နိုင်ငံအလိုက် ဒုတိယနေရာကိုပြန်လည်တက်လှမ်းလာနိုင်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် အားကစားရွှေခေတ်ကို ပြန်လည်ထူဆစ်ပဖော်ရန် မောင်တို့မယ်တို့ ပခုံးပေါ်ကို ပြည်သူများကယုံကြည်စွာအပ်နှင်းပေးလိုက်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး အားကစားသူရဲကောင်းမောင်မယ်များအဖြစ် ကမ္ပည်းမော်ကွန်းသစ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

မောင်တို့မယ်တို့၏စွမ်းအားဖြင့်အားကစားပွဲကာလတစ်လျှောက် ပြည်သူများအတွင်း နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်နိုးကြားစေခဲ့ပါကြောင်း၊ အားကစားဖြင့် သွေးစည်းညီညွတ်စေနိုင်ခြင်း ဝွမ်းအားကို ကောင်းစွာပြသသွားနိုင်သော အားကစားမောင်မယ်များသည် လူငယ်လူရွယ်မျိုးဆက်သစ်များအတွက် အတုယူစရာဖြစ်ပါကြောင်း၊ အနာဂတ်အတွက်ယုံကြည်မျှော်လင့်ချက်များ၊ နိုင်ငံတည်ဆောက်ရေးအတွက် ခွန်အားသစ်များပေးနိုင်ခဲ့ပြီး နိုင်ငံနှင့်လူမျိုးအတွက် ဘယ်အရာနှင့်မျှမလဲနိုင်သော တန်ဖိုးမဖြတ်နိုင်သော ရလဒ်များဖြစ်ပါကြောင်း၊ အဆိုပါရလဒ်များရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသော အားကစားမောင်မယ်များအားလုံးကို နေပြည်တော်မှာ နိုင်ငံတော်သမ္မတကြီးကဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဂုဏ်ပြုညစာဖြင့်ချီးမြှင့်ဧည့်ခံပေးခဲ့ပါကြောင်း၊ ယခု အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များနှင့် နည်းပြများအား ဂုဏ်ပြုငွေသားဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၊ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မြန်မာ့အားကစားမောင်မယ်များ အားကစားစွမ်းရည်မြင့်မားတောက်ပြောင်လာစေရန် အချိန်ယူပြင်ဆင်လေ့ကျင့်ပေးခဲ့ပါကြောင်း၊ ဤသို့စနစ်တကျကြိုတင်ပြင်ဆင်မှုများကို အားကစားမောင်မယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်ပြည့်ဝမှုများနှင့် ပေါင်းစပ်လိုက်သည့်အခါ နိုင်ငံတော်နှင့်ပြည်သူတွေအတွက် ဂုဏ်ယူဖွယ်ရလဒ်များရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ပြိုင်ပွဲကြီးတွင်ဆုတံဆိပ်အသီးသီးရရှိခဲ့ကြသော အားကစားမောင်မယ်များကို ဂုဏ်ပြုသလို အကြောင်းကြောင်းကြောင့် ဆုတံဆိပ်များနှင့်လွဲချော်ခဲ့ကြသော်လည်း အားကစားစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်နှင့်ယှဉ်ပြိုင်ခဲ့ကြသော အားကစားမောင်မယ်များ၏ ရေကူးရေခန်းကြိုးပမ်းအားထုတ်ခဲ့မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း။

အလားတူ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားသော နိုင်ငံတကာပြိုင်ပွဲများတွင် လက်ရှိအောင်မြင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းပြီးပြည်သူများ၏ အားပေးထောက်ခံ၊ လက်ခုပ်သံတွေရရှိနိုင်စေရန် ဆက်လက်ကြိုးပမ်းလေ့ကျင့်ပြင်ဆင်သွားကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

သက်ဆိုင်ရာအားကစားနည်းများအလိုက် အောင်မြင်မှုရရှိစေရန် နိုင်ငံချစ်စိတ် အရင်းခံပြီး လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ်ကြိုးပမ်းပေးခဲ့ကြသော အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ အားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

ယနေ့ဂုဏ်ပြုချီးမြှင့်ပွဲတွင် အားကစားမောင်မယ်များနှင့် နည်းပြများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုနိုင်အောင် စိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော စေတနာရှင်၊ အလှူရှင်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာ့အားကစားသမိုင်းတွင် ထူးခြားသော အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့ကြသည့် အပ်ချုပ်သူများ၊ နည်းပြများနှင့်အားကစားမောင်မယ်များ၏ စွမ်းဆောင်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများ၏အားကစားရွှေခေတ်မျှော်လင့်ချက်များကို ဆက်လက်အကောင်အထည်ဖော်ပေးနိုင်ရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ရွှေတံဆိပ်ဆုရအားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ငွေတံဆိပ်ဆုရ၊ ကြေးတံဆိပ်ဆုရအားကစားသမားများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် အောင်ပွဲရအားကစားသမားများကိုယ်စား ရွှေတံဆိပ်သုံးဆုရှင် ပွန်ဂ္ဂီအားကစားသမား မောင်ဝေဖြိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် တစ်ဦးချင်းရွှေတံဆိပ်၊ နှစ်ယောက်တွဲရွှေတံဆိပ်၊ အဖွဲ့လိုက်ရွှေတံဆိပ်နှင့် အသင်းလိုက်ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့ကြသော ရွှေတံဆိပ်ဆုရှင် အားကစားသမား ၄၂၀ အတွက် ငွေကျပ် ၁၅၀၄၅ သိန်းအား လည်းကောင်း၊ တစ်ဦးချင်းငွေတံဆိပ်၊ နှစ်ယောက်တွဲငွေတံဆိပ်၊ အဖွဲ့လိုက်ငွေတံဆိပ်နှင့် အသင်းလိုက်ငွေတံဆိပ်ရရှိခဲ့ကြသော ငွေတံဆိပ်ဆုရှင် ၁၄၇ ဦးအတွက် ငွေကျပ် ၂၀၃၅ သိန်းအားလည်းကောင်း၊ တစ်ဦးချင်းကြေးတံဆိပ်၊ နှစ်ယောက်တွဲ ကြေးတံဆိပ်၊ အဖွဲ့လိုက်ကြေးတံဆိပ်နှင့် အသင်းလိုက်ကြေးတံဆိပ် ရရှိခဲ့ကြသော ကြေးတံဆိပ်ဆုရှင် ၂၄၉ ဦးအတွက် ငွေကျပ် ၁၆၀၂ သိန်းအားလည်းကောင်း၊ အကြောင်းကြောင်းကြောင့် ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့်လွဲချော်ခဲ့ကြရသော ပြိုင်ပွဲဝင်အားကစားသမား ၄၁၆ ဦးအတွက် ငွေကျပ် ၁၆၆၄ သိန်းအားလည်းကောင်း၊ အားကစားနည်းပြ ၀၅၈ ဦးအတွက် ငွေကျပ် ၉၂၆ သိန်းအားလည်းကောင်း စုစုပေါင်းငွေကျပ် ၂၁၂၇၂ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အောင်ပွဲရအားကစားသမားများနှင့် နည်းပြများ၏ ပီတိအပြုံးများ

ရန်ကုန် ဇန်နဝါရီ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့သည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အားကစားနည်းမျိုးစုံမှ ဆုတံဆိပ် အသီးသီးဆွတ်ခူးပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအနေဖြင့်လည်း ဝမ်းသာကျေနပ်ပျော်ရွှင်စွာဖြင့် ပီတိအပြုံးများ ကိုယ်စီဖုံးလွှမ်းနေသည်ကို အဆိုပါအခမ်းအနားတွင် မြင်တွေ့ရသည်။

အောင်ခိုင်ဝင်း(ကာယဗလ)

ဝေဖြိုးအောင် (ဝူရှူး)

ဒေါ်သီတာအေး(နည်းပြ)

အောင်ခိုင်ဝင်း
(ကာယဗလအားကစား ၆၀ကီလို)
ရွှေတံဆိပ်ဆုရှင်

“အဓိကပြိုင်ဘက်ကတော့ ဗီယက်နမ်နိုင်ငံက ၁၁ လပိုင်းမှာ ကမ္ဘာ့ချန်ပီယံရထားတဲ့သူပါ၊ ဒီပြိုင်ပွဲကို အနိုင်ရဖို့ လေ့ကျင့်မှုတွေပိုပြီးလုပ်ခဲ့ရတယ်၊ ကိုယ်ခန္ဓာအရည်အသွေးကောင်းနေတာတောင်မှ စိတ်ချလို့မရခဲ့ဘူး၊ နိုင်ငံတကာ အားကစားသမားတွေထက်ပိုပြီး လေ့ကျင့်ပြင်ဆင်မှုမျိုးတွေလုပ်ခဲ့လို့လည်း စိတ်ဆန္ဒနဲ့ တစ်ထပ်တည်းကျတဲ့ ဒီရွှေတံဆိပ်ဆုကို ရရှိခဲ့တာပါ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲလို့ဆိုပေမယ့် ကမ္ဘာ့ယှဉ်ပြိုင်မှုအဆင့်အားကစားသမားတွေနဲ့ယှဉ်ပြိုင်ခဲ့ရတယ်၊ ကမ္ဘာ့ပြိုင်ပွဲဝင်အားကစားသမားတွေပါတယ်၊ အရှေ့တောင်အာရှအားကစားသမားတွေက ကမ္ဘာ့ပြိုင်ပွဲတွေမှာအပ်စိုးပြီး ကစားနေကြတာ၊ အရှေ့တောင်အာရှ နိုင်ငံမှာ ပြိုင်ရတဲ့ ကာယဗလမောင်တွေနဲ့ပြိုင်ရတာ ကမ္ဘာ့ပြိုင်ပွဲလိုပါပဲ။ ကမ္ဘာ့ပြိုင်ပွဲ ချန်ပီယံတွေဟာ အရှေ့တောင်အာရှက ပေါ်ထွက်နေလို့ပါ။ ဒီပြိုင်ပွဲက အရမ်းခက်ခဲခဲ့ပါတယ်။ ရွှေတံဆိပ်ဆုရရှိဖို့အတွက် ဆီးဂိမ်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာ အရှုံးတွေလည်း ကြုံခဲ့ရပြီး ယခုလို အောင်မြင်မှုတွေကို ရရှိခဲ့တဲ့အတွက်လည်း ပြည်သူတွေနဲ့ တာဝန်ရှိသူတွေက အားပေးချီးမြှောက်ခြင်းခံရတဲ့အတွက် အရမ်းလည်း ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ နောက်ပြိုင်ပွဲတွေမှာလည်း ရွှေတံဆိပ်ဆုတွေရရှိအောင် ပိုမိုကြိုးစား ယှဉ်ပြိုင်သွားမှာပါ”ဟု ကာယဗလ အားကစားရွှေတံဆိပ်ဆုရှင် အောင်ခိုင်ဝင်းက ၎င်း၏အတွေ့အကြုံနှင့် ခံစားချက်ကို ရှင်းပြသည်။

ဝေဖြိုးအောင် (ဝူရှူး)
ရွှေတံဆိပ်သုံးဆုရှင်

“ဒီဆီးဂိမ်းမှာ မျှော်မှန်းထားတာထက် ပိုပြီးဆုတံဆိပ်တွေရရှိခဲ့တယ်။ အခုအချိန်အထိ ပြိုင်ပွဲအရပ်ရပ်မှာ ရွှေတံဆိပ် ၁၅ ခုနဲ့ အခြားဆုတံဆိပ်တွေရရှိထားပါတယ်။ ပရိသတ်အားပေးမှုနဲ့ လေ့ကျင့်မှုတို့ရဲ့ ရလဒ်တွေကြောင့် ကိုယ့်နိုင်ငံကိုယ့်မြေပေါ်မှာအခုလိုရွှေတံဆိပ်တွေ ဆွတ်ခူးပေးနိုင်ခဲ့တဲ့အတွက် အရမ်းပဲဝမ်းသာမိပါတယ်။ အခု ဒီဂုဏ်ပြုပွဲကတော့ အားကစားသမားတွေ အားလုံးရဲ့ ကြိုးစားလေ့ကျင့်ပြိုင်ပွဲဝင်ခဲ့မှုအတွက် ပြန်ပြီးအသိအမှတ်ပြု အကျိုးခံစားခွင့်ပေးတဲ့ပွဲဖြစ်လို့ အရမ်းပဲဝမ်းသာ ပီတိဖြစ်ပြီး ဆက်လက်ကြိုးစားပါမယ်လို့ အားလုံးကို ကတိပြုပါတယ်” ဟု ဝူရှူးအားကစား ရွှေတံဆိပ်သုံးဆုရှင် ဝေဖြိုးအောင်က ပြောသည်။

ဒေါ်သီတာအေး
(ဗိုဗီနမ် အားကစားနည်းပြ)

“ဒီအားကစားနည်းက ပထမဆုံးပါပင်ယှဉ်ပြိုင်တဲ့အားကစားနည်းပါ။ မျှော်မှန်းထားတာထက် ပရိသတ်အားပေးမှုနဲ့ ဆုတံဆိပ်တွေ ပိုမိုရရှိခဲ့တယ်။ ဒီဆီးဂိမ်းပြိုင်ပွဲမှာ ရွှေ ခြောက်ခု၊ ငွေ နှစ်ခုနဲ့ ကြေး ငါးခု ရရှိခဲ့တဲ့အတွက် အားကစားသမားတွေအားလုံးနဲ့အတူ နည်းပြ၊ အုပ်ချုပ်သူတွေအားလုံးက အထူးပဲဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်။ အခုလည်း အားကစားသမားတွေကို ဂုဏ်ပြုချီးမြှင့်ပွဲတွေလုပ်ပြီး ဂုဏ်ပြုတဲ့အတွက် နည်းပြတစ်ယောက်အနေနဲ့ အားကစားသမားတွေအားလုံးအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်”ဟုဗိုဗီနမ်အားကစားနည်းပြ ဒေါ်သီတာအေးက ပြောကြားသည်။

ဇော်ကြီး(ပဏ္ဍိတ)

Golden Culture Travels & Tours
နွေးထွေးပျူငှာ Golden Culture နှစ်သစ်တူးခရီးစဉ်များ
3 Stars Resort များဖြင့်သာစီစဉ်ထားသော -

စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ	(January 24)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော၊ကိုလု	(January 31)
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ၊သီဟိုဠ်ရှင်	(January 31)
ရွှေစက်တော်၊မကွေး၊မင်းဘူး၊ကျောင်းတော်ရာ	(February 14)

ဖုန်း - ၀၁-၃၉၄၂၁၈၊ ၀၉-၅၄၀၄၅၃၂၊ ၀၉-၅၁၂၈၅၅၆

Charming Myanmar Travel & Tour Co.,ltd
ကျိုက်ထီးရိုး (နေ့ချင်းပြန် ခရီးစဉ်)
27000
17,18,19 Jan 2014
30000
ကျိုက်ထီးရိုး နေ့ချင်းပြန် 27000
Hotline; 09-250504353
အဆင့်မြင့် Air-Con Bus
တောင်တက်ကားခ (အတက် / အဆင်း)
နံနက်စာ၊ နေ့လယ်စာ နှင့် ညစာ
ခရီးစဉ် တစ်လျှောက်ဝန်ဆောင်မှုပေးသူ (၃ ဦး)
ခရီးသည်များ အတွက် လက်ဆောင်မွန်
09-43180174, 09-420812958, 09-5051328

ပြန်လည်ပြင်ဆင်ဖတ်ရှုရန်

၉-၀-၂၀၁၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၁)တွင်ပါရှိသော မြေပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည့်နေ့ရက် ၁၆-၁-၂၀၁၄ ရက်အစား ၂၆-၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

ပြည်တွင်းရေးရာ

မမြတ်လေး ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) က စီစဉ်ကျင်းပသည့် မမြတ်လေးပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ မြန်မာ့ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံအကျိုးပြုစာပေများကို ရေးသားခဲ့သည့် ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေး)၏ မိသားစုများ၊ ဆုရရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ပညာရည်ချွန်ဆု ချီးမြှင့်ခံရသူများအနေဖြင့် အထူးချွန်ဆုဖြစ်အောင် ကြိုးစားခဲ့ရခြင်းအတွက် အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ခံရခြင်းသည် ၎င်းတို့၏ဘဝတစ်သက်တာတွင် မမေ့နိုင်သည့်ပညာရေးမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခြင်းဝင်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ချီးမြှင့်ခံရသည့်အတွက် ဆက်လက်လေ့လာဆည်းပူးမည့်ပညာရေးလုပ်ငန်းများအတွက်လည်း မကုန်ဆုံးနိုင်သည့်ခွန်အားသစ်များကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။

ပညာရည်ထူးချွန်သူများသည် ဂုဏ်ပြုခံရသူများဖြစ်သည်ဆိုသည့် သတင်းစကားများသည် ပညာရေးနယ်မယ်ရှိ ကျောင်းသားများအားလုံးအတွက်လည်း ထူးချွန်အောင်ကြိုးစားရန်လှုံ့ဆော်ပေးသည့် တွန်းအားများပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် မမြတ်လေးပညာရည်ချွန်ဆုအပါအဝင် အခြားသောပညာရည်ချွန်ဆုချီးမြှင့်ခြင်းများသည် နိုင်ငံတော်၏ ပညာရည်မြင့်မားသောအနာဂတ်လူရည်ချွန်များကို မွေးထုတ်ပေးရန်အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

မမြတ်လေးပညာရည်ချွန်ဆုကို မိသားစုများအနေဖြင့် လက်ဆင့်ကမ်းပြီး နောင်နှစ်ပေါင်းများစွာ ဆက်လက်ချီးမြှင့်နိုင်ပါစေ၊ အရည်အသွေးမြင့် လူသားအရင်းအမြစ်များမွေးထုတ်ရာတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ မမြတ်လေး ပညာရည်ချွန်ဆု ရရှိသူတစ်ဦးအား ပညာရည်ချွန်ဆုတံဆိပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် မြတ်လေးရုံမိခင်ကြီး ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)၏ အတ္ထုပ္ပတ္တိအကျဉ်းကို မြေးဖြစ်သူ ဦးကျော်ဒေဝက ဖတ်ကြားတင်ပြပြီး စာရေးဆရာမကြီး မမြတ်လေး၏ အတ္ထုပ္ပတ္တိအကျဉ်းဗီဒီယိုကိုလည်း ပြသသည်။

ဆက်လက်၍ မမြတ်လေး ပညာရည်ချွန်ဆု ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းကို သားဖြစ်သူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ရှင်းလင်းပြောကြားသည်။

ထို့နောက် မမြတ်လေး ပညာရည်ချွန်ဆု ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အလှူငွေကျပ် ငါးသိန်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသို့လည်းကောင်း၊ မမြတ်လေး၏ မြေးများဖြစ်သည့် ဦးကျော်ဒေဝ၊ ဒေါ်ခင်စန္ဒာလင်းနှင့် ဒေါက်တာစောသုနန္ဒီတို့က အလှူငွေကျပ် ၂၁ သိန်းကို ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သို့လည်းကောင်း၊ ဗိုလ်ကြီးသန်းကြွယ်၏ သမီး ဆရာမ(ငြိမ်း) ဒေါ်အေးအေးမြင့်မောင်က အလှူငွေကျပ် ၁၀ သိန်းကို စာရေးဆရာမကြီး မမြတ်လေး၏ သမီး ဒေါ်ခင်စောဥမ္မာသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက မမြတ်လေး ပညာရည်ချွန်ဆုရရှိကြသူများအား ပညာရည်ချွန်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆု ရရှိကြသူများကိုယ်စား မဟာသုတေသန (စာကြည့်တိုက်နှင့် သုတပညာ) ဆုရရှိသူ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးအဖွဲ့ သမိုင်းနှင့် ရိုးရာဓလေ့ဌာနအကြီးတန်းအစီအစဉ်ရေးဆွဲရေးအရာရှိ ဒေါ်ခင်လေးစိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဤအခမ်းအနားသို့ တက်ရောက်ခွင့်ရခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း စီစဉ်ပြသထားသော စာရေးဆရာမကြီး မမြတ်လေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို ကြည့်ရှုကြပြီး ဆုရရှိကြသူများနှင့် စုပေါင်း၍လည်း မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

စာရေးဆရာမကြီး မမြတ်လေးသည် ၁၉၃၅ ခုနှစ်တွင် ပဲခူးသိန်းသိန်းအမည်ဖြင့် တိုးတက်ရေးဂျာနယ်၊ စနေနဂါးနီဂျာနယ်နှင့် ဒဂုံမဂ္ဂဇင်းတို့တွင် ပင်တိုင်ဆောင်းပါးနှင့် အခန်းဆက်ဝတ္ထုရှည်များ ရေးသားပြီး စာပေနယ်သို့ ဝင်ရောက်ခဲ့သူဖြစ်သည်။

လွတ်လပ်ရေးအတွက် အမျိုးသားရေးနှိုးဆော်သည့် စာပေ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် စာပေများကို ရေးသားခဲ့သည်။ နှစ်ပေါင်းများစွာ နိုင်ငံအကျိုးပြု စာပေများကို ရေးသားခဲ့သည်။ စာရေးဆရာမကြီး မမြတ်လေးကို ဂုဏ်ပြုသောအားဖြင့် "မမြတ်လေးပညာရည်ချွန်ဆု"ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

မမြတ်လေး ပညာရည်ချွန်ဆုကို ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်ချီးမြှင့်ခဲ့ပြီး ပညာရည်ထူးချွန်သူ ၁၂ ဦးအား ဆုချီးမြှင့်နိုင်ခဲ့သည်။

၂၀၀၂-၂၀၀၃ နှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်များတွင် ပညာရည်ချွန်ဆုများ ဆက်လက်ချီးမြှင့်ခဲ့ပြီး ယနေ့ချီးမြှင့်သည့် ပညာရည်ချွန်ဆုများမှာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ တစ်ပေါင်းတည်း ချီးမြှင့်ခြင်းဖြစ်သည်။

ယနေ့ အခမ်းအနားတွင် မမြတ်လေး ပညာရည်ချွန်ဆု ချီးမြှင့်ခံရသူများမှာ ရန်ကုန်တက္ကသိုလ်မဟာသိပ္ပံ(ရက္ခဗေဒ)(အဏုဇီဝဗေဒ)မှ ထူးချွန်သူ သုံးဦး၊ ရန်ကုန်တက္ကသိုလ်မဟာဝိဇ္ဇာ(စာကြည့်တိုက်နှင့်သုတပညာ)မှ ထူးချွန်သူ ခုနစ်ဦး၊ ရန်ကုန်တက္ကသိုလ်မဟာသုတေသန(စာကြည့်တိုက်နှင့်သုတပညာ)မှ ထူးချွန်သူ ရှစ်ဦး၊ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာ(စာကြည့်တိုက်နှင့်သုတပညာ)မှ အမှတ်အများဆုံးဆုရ ထူးချွန်သူ ရှစ်ဦး၊ ရန်ကုန်တက္ကသိုလ်ဘွဲ့လွန်ဒီပလိုမာ (စာကြည့်တိုက်နှင့်သုတပညာ)မှ လက်တွေ့သင်တန်းဆင်းထူးချွန်ဆုရရှိသူ ရှစ်ဦး၊ ရန်ကုန်တက္ကသိုလ်ဘွဲ့လွန်အသုံးချစိတ်ပညာဒီပလိုမာမှ ထူးချွန်သူ ရှစ်ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ထူးချွန်သူ ရှစ်ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီးပွားရေးပညာဒီပလိုမာဘွဲ့ ထူးချွန်သူ ခြောက်ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံအုပ်ချုပ်မှုဒီပလိုမာဘွဲ့ ထူးချွန်သူ ရှစ်ဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ် ME (Metallurgy) မှ ထူးချွန်သူ တစ်ဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ် ME (Electronics) မှ ထူးချွန်သူ တစ်ဦး စုစုပေါင်း ၆၆ ဦးဖြစ်သည်။ (သတင်းစဉ်)

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း (၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ထားဝယ်အထူးစီးပွားရေးဇုန်သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာ နဘူးလည်ဒေသတွင် တည်ရှိပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ- ထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ငန်းများစတင်ခဲ့သည်။ အီတာလျံ- ထိုင်းကုမ္ပဏီမှ စီမံကိန်း၏ ပထမအဆင့်ဖြစ်သော စက်မှုဇုန်များ၊ စက်ရုံ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံများ၊ လူနေအိမ်ရာများ၊ ဆေးရုံ ကျောင်းနှင့် ဈေးစသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ငွေကြေးအရင်းအနှီးမလုံလောက်မကြောင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာနေသည့်အတွက် နှစ်ဖက်အစိုးရအဖွဲ့များမှ မူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထားပယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ကနဦးအဆင့်လုပ်ငန်းစီမံကိန်းအတွက် Terms of Reference ရေးဆွဲမည့်အချိန်ကာလသတ်မှတ်ခြင်း၊ (အီတာလျံ- ထိုင်းကုမ္ပဏီ)မှ ထားပယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သောလုပ်ငန်းများအား တန်ဖိုးသတ်မှတ်နိုင်ရန်အတွက် နိုင်ငံတကာအသိအမှတ်ပြုအတိုင်ပင်ခံကုမ္ပဏီ ရွေးချယ်ရေး တင်ဒါခေါ်ယူမည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံကိန်းကွပ်ကဲမှုရုံး ဖွင့်လှစ်နိုင်ရေးတို့ကို ရန်ကုန်မြို့၌ ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း (၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

အီတာလျံ-ထိုင်းကုမ္ပဏီ၏ ဆောင်ရွက်ဆဲလုပ်ငန်းများ ထိန်းသိမ်းခြင်းအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ပေးနိုင်ရန်ကိစ္စ၊ အီတာလျံ-ထိုင်းကုမ္ပဏီ၏ ကုန်ကျထားသော စရိတ်စကများကို တန်ဖိုးသတ်မှတ်နိုင်ရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု အတိုင်ပင်ခံကုမ္ပဏီများ ငှားရမ်းခြင်းဆိုင်ရာကိစ္စနှင့် လုပ်ငန်းစီမံကိန်းအား ကြီးကြပ်ကွပ်ကဲမည်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ကနဦးစီမံကိန်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရန်အတွက် သင့်တော်သည့် ကုမ္ပဏီများအား ရွေးချယ်ရန် သတ်မှတ်ချက်များနှင့် ဆောင်ရွက်မည့် အချိန်ဇယား စသည်တို့ကိုလည်း နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ငွေကြေးနှင့်ရန်ပုံငွေရှာဖွေစုစည်းထူထောင်ရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ၊ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ထားဝယ်အထူးစီးပွားရေးဇုန်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ မူဝါဒရေးရာအကြံပေးလက်ထောက်အရာရှိချုပ် Mr.Chulapong Yukate ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ငန်းများ လျင်မြန်ရေးအတွက် ဖြေလျှော့ပေးနိုင်မည့် အစီအစဉ်များညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၁

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ တို့ကဦးဆောင်၍ ပို့ကုန်၊သွင်းကုန်ဆိုင်ရာလုပ်ငန်းများလျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူးရုံး၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဆပ်ကော်မတီဝင်များ၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပို့ကုန်၊သွင်းကုန်ကိစ္စများတွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များရှင်းလင်းလွယ်ကူမှုရှိစေရေး၊ ပင်လယ်ရေကြောင်းမှ တင်ပို့/တင်သွင်းလာသည့် ကုန်ဝစ္စည်းများ ဆိပ်ကမ်းတွင် အထုတ်၊အသွင်းနှေးကန်မြန်ဆန်ရေး၊ ပို့ကုန်၊သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် မလိုအပ်သည့် အထောက်အထားများလျှော့ချရေးနှင့် အချိန်ကြန့်ကြာမှုလျှော့ချရေး၊ ပြည်ပနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် လုပ်ထုံးလုပ်နည်းစနစ်ကျနမှုရှိစေရေး၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများတွင် လွယ်ကူသွက်လက်မှုရှိစေရေးနှင့်တရားမဝင်ကုန်သွယ်မှုဖြစ်ပေါ်နေသည်များလျှော့နည်းပပျောက်ရေးလုပ်ငန်းများနှင့်ပတ်သက်သည်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၃ မှ

အခြေအနေရှိသဖြင့် နိုင်ငံတကာတွင် ခေတ်မီနည်းပညာများဖြင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်ယနေမှုများကို လေ့လာရန် ပြည်သူများကိုလည်း အသိပညာပေး ရန်လိုကြောင်း၊ စီမံကိန်းများ လုပ်ဆောင်ရာတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေ အနေများကို စနစ်တကျလေ့လာ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ သည် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံအတွင်း တာဘိုင်စက်များ လည်ပတ်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းတွင် လုပ်ငန်းများဆောင်ရွက် နေမှုနှင့် ရဲရွာရေလှောင်တမံ တာပေါင်မှနေ၍ ရေလှောင်တမံ အတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ရဲရွာရေလှောင်တမံမှာ မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်အတွင်း မြစ်ငယ်မြစ် (ဒုဋ္ဌဝတီ မြစ်)ပေါ်တွင် တည်ဆောက်ထား သည့် RCC ကွန်ကရစ်အမျိုးအစား ရေလှောင်တမံဖြစ်သည်။ ရေလှောင် တမံရှိ ဓာတ်အားပေးစက်ရုံတွင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ် နိုင်သည့် တာဘိုင်စက်လေးလုံး တပ်ဆင်ထားပြီး စုစုပေါင်း ၇၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည်။

ရဲရွာစီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့သည်။ ဓာတ်အားပေးစက် များအနက် အမှတ်(၁)စက်ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင် မောင်းနှင်ခဲ့ပြီး အမှတ်(၂) စက်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက် တွင်လည်းကောင်း၊ အမှတ်(၃) စက်ကို ၂၀၀၀ ခုနှစ် အောက်တိုဘာ ၀၆ ရက်နှင့် အမှတ်(၄)စက်ကို ၂၀၀၀ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် လည်းကောင်း စတင်မောင်းနှင်ခဲ့ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ်(၁၆)
ဖွင့်လှစ်ပေးပြီး အမွေးနံ့သာရည်များ ပက်ဖျန်းပေးစ



၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ယခင်နှစ်များအတိုင်း ပြောင်းလဲမှုမရှိဘဲ စစ်ဆေးမည်

ရန်ကုန် ဇန်နဝါရီ ၁၁

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲစည်းကမ်းနှင့်အညီ ဖြေဆိုနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာပြေသများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ ဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာ သွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်နှစ်များအတိုင်း ပြောင်းလဲမှုမရှိဘဲ စစ်ဆေးသွားမည့်အကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် သက်ဆိုင်သော ဆရာ ဆရာမများ၊ စာဖြေသကျောင်းသား ကျောင်းသူများ သိရှိ လိုက်နာဆောင်ရွက်ရန် အချက်များကို အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဖွင့်ပွဲမစတင်မီ တက်ရောက်လာကြသည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူ များ သိရှိလိုက်နာရန်အချက်များကို အကြိုစစ်ဆေးလွှာများဖြင့် စစ်ဆေး အကဲဖြတ်ပေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမှတ်(၁) အခြေခံပညာဦးစီးဌာန(အောက် မြန်မာပြည်)နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) အတွင်းရှိ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်ကြမည့် အလယ်တန်းကျောင်းအုပ် များ၊ အထက်တန်းကျောင်းအုပ်များနှင့် မြို့နယ်ပညာရေးမှူးများ တက်ရောက် ကြသည်။ အလားတူ အမှတ်(၂) အခြေခံပညာဦးစီးဌာန(အထက်မြန်မာ ပြည်)အတွက် မန္တလေးမြို့၌ ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ယနေ့အထိ ဖြေဆိုရန် လျှောက်ထားသည့် ကျောင်းသား ကျောင်းသူဝေါင်း ၅၈၈၄၇၃ ဦးရှိကြောင်း နှင့် စာစစ်ဌာနပေါင်း ၁၂၈၅ ခုထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ UNICEF မှ ဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel ဦးဆောင်သော ကုလ သမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လက်ရှိ ရခိုင် ပြည်နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသော တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအပေါ် ရလဒ်ကောင်းများ တိုးတက်ရရှိရေး ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက်တွင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ကံသာထွက်ပ ကယ်ဆယ်ရေးစခန်းနှင့် တောင်ပေါ်ကယ်ဆယ်ရေး စခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဒုက္ခသည်များအား စောင်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မင်းပြားမြို့နယ်၌ အင်ဒိုနီးရှားနိုင်ငံ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်လျက်ရှိသော သေကကျေးရွာ မူလတန်းကျောင်းနှင့် စမ္ဗလေ ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်နေမှုကို စစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် စစ်တွေ မြို့၌ တရုတ်နိုင်ငံမှ လှူဒါန်းသော Madular House များ ဆောက်လုပ်နေမှုနှင့် ကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုပြီး နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးကျောင်းကို ကြည့်ရှုကာ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် ခရီးစဉ်အတွင်းတွေ့ရှိခဲ့သော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သော ရလဒ်ကောင်း များရရှိနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကျေပွန်ဖို့ရေး
ကျသင့်အခွန်မှန်မှန်ပေး

☐ ကျောဖုံးမှ

(၁၀)လမ်းမှ (၆၂)လမ်းသို့ လည်း ကောင်း၊ (၆၂)လမ်းမှ သိပ္ပံလမ်းသို့ လည်းကောင်း၊ သိပ္ပံလမ်းမှ(၇၈) လမ်း ရင်းမှလမ်း (၃၀)သို့ လည်းကောင်း၊ လမ်း(၃၀)မှ ဗထူးအားကစားကွင်း သို့လည်းကောင်း စုစုပေါင်း ၁၃ မိုင် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပန်း ဝင်လာကြသော ပြိုင်ပွဲဝင်အားကစား သမားများအား မြို့တော်ဝန်နှင့်အဖွဲ့ တို့က ဂုဏ်ပြုကြိုဆိုကြပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပသော မန္တလေး မြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၄)တွင် မြန်မာပြည်အနယ်နယ် အရပ်ရပ်မှ အပြေးအားကစား အကျော်အမော်များ၊ ဝါသနာရှင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင် ခဲ့ကြပြီး မီနီမာရသွန်အလွတ်တန်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသား အားကစားသမား ၅၈ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၉၀၊ မီနီမာရသွန် လူသစ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား အမျိုးသား ၁၃၄၇ ဦး၊ အမျိုးသမီး ၇၃၉ ဦး စုစုပေါင်း ၂၀၈၆ ဦးတို့ အပါအဝင် စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ၂၁၇၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ နိုင်ငံခြားသား ငါးဦးနှင့် သက်ကြီးအားကစားသမား များလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

(တင်မောင်-မန္တလေး)

○ မှန်စက်ရုံမှ

မီးမငြိမ်းနိုင်ပါက မှန်ရည်များ အေးခဲသွားပြီး စက်ရုံ၏ အဓိက အသက် သွေးကြောဖြစ်သည့် မှန်ရည်ကျိုမီးဖိုကြီး ပျက်စီးသွား မည်ဖြစ်ပါသည်။ တာဝန်ကြီးလှပါ သည်။

ယခုအခါ ရွှေကမ်းလွန်သဘာဝ ဓာတ်ငွေ့ကို စွမ်းအင်ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်စုံလုံလောက် တည်ငြိမ်စွာ ရရှိတော့မည်ဖြစ်သဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၀ ရက်တွင် မီးဖိုကြီးကို စတင်မီးမွှေးခဲ့ကြပါ သည်။ အခန်းအပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်မှ ၁၆၅၀ ဒီဂရီစင်တီ ဂရိတ် ရောက်အောင် ၂၄ ရက်ကြာ မီးမွှေးအပူပေးပြီးမှ မှန်ကွဲများ၊ ရောစပ်ကုန်ကြမ်းအသစ်များ ထည့် သွင်းပြီး မှန်ရည်ကျိုကြရပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မှန်အကြမ်းထည်များ စတင် ထွက်ရှိပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရည်အသွေးမီ မှန်ကုန် ချောများ အောင်မြင်စွာ ထွက်ရှိပြီ ဖြစ်ပါသည်။ အရည်အသွေးမြင့် မှန်ရည်များသည်လည်း ကုန်ချော မှန်များအဖြစ် တစ်နာရီလျှင် ငါးတန် နှုန်းဖြင့် အဆက်မပြတ် ထွက်ရှိလျက် ရှိပါသည်။

စက်ရုံကြီးကို ပြည်တွင်းသယံဇာတ ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ အဆင့်မြင့်မှန်များ ထုတ်လုပ်သွားရန်၊ ခေတ်မီမှန်ထုတ် လုပ်မှုနည်းပညာများ တိုးတက်ဖွံ့ဖြိုး လာစေရန်၊ ခေတ်မီအဆင့်မြင့်မှန် များ ထုတ်လုပ်သုံးစွဲခြင်းဖြင့် လူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊ အရည်အသွေးမြင့် မှန်များ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေမှု လျော့နည်းပြီး နိုင်ငံခြားငွေ ခြိုးခြံ ချွေတာသက်သာစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိစေရန် ရည်ရွယ်ချက် များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါ သည်။

ဖိနီရန်လူမျိုး ရေကြောင်းကုန် သည်တစ်ဦးသည် ပါလက်စတိုင်း ကမ်းခြေ၊ သဲပြင်ပေါ်တွင် အသင့်ပါ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်) ကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

◆ နိုင်ငံတော်သမ္မတမှ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တရုတ်နိုင်ငံ CAMCE ကုမ္ပဏီမှ Assistant President တို့က အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စက်ရုံကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီမှန်အမျိုးမျိုး ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး ရုရပ်မနေ၍ စက်ရုံဝန်းကျင်ရှိ ကုန်ကြမ်းထုတ်လုပ်ရရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)သည် ကျောက်ဆည်မြို့ အရှေ့ဘက် ငါးမိုင်ခန့်အကွာ စက်မှုနယ်မြေရှိ ယင်းစွဲတောင်အနီးတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ မှန်အမျိုးမျိုးကို ထုတ်လုပ်ပေးသည့် စက်ရုံကြီးဖြစ်သည်။

စက်ရုံအနေဖြင့် မှန်ထုတ်လုပ်ရာတွင် နောက်ဆုံးပေါ်နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်လျက်ရှိပြီး ယင်းထုတ်လုပ်နည်းသည် သံဖြူရည်ပေါ်တွင် မှန်ရည်များကို ဖြတ်သန်းစီးဆင်းစေပြီး ထုတ်လုပ်ခြင်းဖြစ်သဖြင့် မှန်ပျက်နှာပြင်တွင် လိုင်းတွန့်များမဖြစ်ပေါ်ဘဲ ညီညာပြန့်ပြူးခြင်း၊ အထူအပါးတိကျခြင်း၊ လေစိပေါက်လုံးဝမရှိခြင်း စသည့် အရည်အသွေးကောင်းမှန်များကို ထုတ်လုပ်နိုင်သည်။ စက်ရုံမှ ကားလေကာမှန်၊ အဆောက်အအုံမှန်၊ လုံခြုံရေးမှန်၊ ကျည်ကာမှန်များအဖြစ် အသုံးပြုနိုင်သည့် လွှာထပ်မှန် (Laminated Glass)၊ အားဖြည့်မှန် (Tempered Glass)၊ ကြည့်မှန် (Mirror Glass) များကို တန်ဖိုးမြှင့် ဆက်လက်ထုတ်လုပ်မည်ဖြစ်သည်။

တစ်နေ့တန် ၁၅၀ ကျ အဆိုပါမှန်စက်ရုံကို တရုတ်နိုင်ငံ CAMCE ကုမ္ပဏီလီမိတက်က ၂၀၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အဆင့်မြင့်ကုန်ချောမှန်များ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ စက်ရုံမှ တစ်နှစ်လျှင် အရောင်မှန် (Color Glass) တန် ၁၇၇၀၀ နှင့် မှန်အကြည် (Clear Glass) တန် ၂၅၀၀၀တန် စုစုပေါင်းတန်ချိန် ၄၂၇၀၀ ထုတ်လုပ်ရန် ရည်မှန်းထားသည်။ စက်ရုံအတွက် အဓိကလိုအပ်သည့် သဲကုန်ကြမ်းကို စက်ရုံအနီးရှိ ယင်းစွဲတောင်မှ ထုတ်ယူရရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တစ်ရက်တန် ၃၀ ကျ မှန်စက်ရုံကို တည်ဆောက်ခဲ့ပြီး မှန်များ ထုတ်လုပ်ခဲ့သည်။ ယင်းစက်ရုံမှ ထုတ်လုပ်သော မှန်များ၏ အရည်အသွေးမှာ ယင်းခေတ်ကာလအချိန်က ကောင်းမွန်သော်လည်း ယခုအချိန်တွင် ပြောင်းလဲလာသော နည်းစနစ်နှင့် တိုးတက်လာသော ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်သည့် မှန်များ၏ အရည်အသွေးကို မယှဉ်ပြိုင်နိုင်တော့သဖြင့် နောက်ဆုံးပေါ်နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်သည့် ဤမှန်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမှ ထုတ်လုပ်သည့် မှန်အရည်အသွေးမှာ အဆင့်မီကောင်းမွန်ပြီး ပြည်ပမှ တင်သွင်းလာသည့် မှန်များနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောမှန်များကို ဤစက်ရုံကြီးမှ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

○ မှန်စက်ရုံမှ

မီးမထိုးနိုင်ပါက မှန်ရည်များ အေးခဲသွားပြီး စက်ရုံ၏ အဓိကအသက် သွေးကြောဖြစ်သည့် မှန်ရည်ကျိုမီးဖိုကြီး ပျက်စီးသွားမည်ဖြစ်ပါသည်။ တာပန်ကြီးလှပါသည်။

ယခုအခါ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ကို စွမ်းအင်ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်စုံလုံလောက်တည်ငြိမ်စွာ ရရှိတော့မည်ဖြစ်သဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မီးဖိုကြီးကို စတင်မီးမွှေးခဲ့ကြပါသည်။ အခန်းအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၁၆၅၀ ဒီဂရီစင်တီဂရိတ် ရောက်အောင် ၂၄ ရက်ကြာ မီးမွှေးအပူပေးပြီးမှ မှန်ကွဲများ၊ ရောစပ်ကုန်ကြမ်းအသစ်များ ထည့်သွင်းပြီး မှန်ရည်ကျိုကြရပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မှန်အကြမ်းထည်များ စတင်ထွက်ရှိ ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရည်အသွေးမီ မှန်ကုန်ချောများ အောင်မြင်စွာ ထွက်ရှိပြီဖြစ်ပါသည်။ အရည်အသွေးမြင့် မှန်ရည်များသည်လည်း ကုန်ချောမှန်များအဖြစ် တစ်နာရီလျှင် ငါးတန်နှုန်းဖြင့် အဆက်မပြတ် ထွက်ရှိလျက်ရှိပါသည်။

စက်ရုံကြီးကို ပြည်တွင်းသယံဇာတကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ အဆင့်မြင့်မှန်များ ထုတ်လုပ်သွားရန်၊ ခေတ်မီမှန်ထုတ်လုပ်မှုနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ ခေတ်မီအဆင့်မြင့်မှန်များ ထုတ်လုပ်သုံးစွဲခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အရည်အသွေးမြင့် မှန်များ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေမှု လျော့နည်းပြီး နိုင်ငံခြားငွေ ပြီး၍ ချွေတာသက်သာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ဖိနီရှန်လူမျိုး ရေကြောင်းကုန်သည်တစ်စုသည် ပါလက်စတိုင်းကမ်းခြေ၊ သဲပြင်ပေါ်တွင် အသင့်ပါလာသော ဆိုဒါအရိုင်းတုံးများကို ဖိုခုံလောက်ဆိုင်ပြုလုပ်၍ ချက်ပြုတ်စားသောက်ရာ မီးအပူရှိန်ဖြင့် ဖိုခုံလောက်အောက်ရှိသဲနှင့် ဆိုဒါအရိုင်းတုံးများ အရည်ပျော်ပေါင်းစပ်ပြီး အေးခဲသောအခါ ထုတ်ချင်းပေါက်မြင်နိုင်သောပစ္စည်း (ဖန်)ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်းသည် လက်ခွန်မဆွ ဖန်ထည်သမိုင်းအစဖြစ်ပါသည်။

ရတနာပုံခေတ်မှ ၁၉၇၅ ကျော်ကာလအထိ ဖန်ချက်စက်ရုံများ တည်ထောင်ကာ ဖန်ထည်ပစ္စည်းများထုတ်လုပ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တောင်ဘက် ကြည်သာကျေးရွာ၌ မှန်စက်ရုံကို ၁၉၇၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြပါသည်။ ၁၉၇၉ ခုနှစ်တွင် မှန်များ စတင်ထုတ်လုပ်ပြီး နှစ်စဉ် မှန်တန်ချိန် ၉၆၀၀ ထုတ်လုပ်နိုင်ပါသည်။ ၁၉၈၀-၈၁ မှ ၁၉၈၅-၈၆ ကာလအတွင်း ဟောင်ကောင်၊ ဂျပန်၊ စင်ကာပူ၊ သီရိလင်္ကာနိုင်ငံများသို့ မှန်တန်ချိန် ၁၃၉၂၁ တန် တင်ပို့ရောင်းချခဲ့ကြောင်း တွေ့ရှိရပါသည်။

ပုသိမ်မှန်စက်ရုံ၏ ထုတ်လုပ်မှုနည်းစဉ်သည် ဒေါင်လိုက်မှန်ဆွဲနည်း (Vertical Drawing Process) ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အလျားလိုက်မှန်ဆွဲနည်း (Horizontal Drawing Process)သို့ ပြောင်းလဲခဲ့ပါသည်။ ထုတ်ကုန်ပစ္စည်းဖြစ်သော မှန်များ၏ အရည်အသွေးသည် သူ့ခေတ်သူ့အခါအလျောက် ကောင်းမွန်ခဲ့သော်လည်း တိုးတက်ပြောင်းလဲလာသော နည်းစနစ်များ၊ ခေတ်မီစက်ကိရိယာများနှင့် ထုတ်လုပ်သော နောက်ဆုံးပေါ်မှန်များ၏ အရည်အသွေးကို မယှဉ်ပြိုင်နိုင်တော့ပါ။ ဒလိမ့်တုံးများဖြင့် မှန်ရည်ကို မှန်ပြားအဖြစ်သို့ ဆွဲယူသည့် နည်းစနစ်ဖြစ်သည့်အတွက် အစင်းရာများရှိခြင်း၊ မျက်နှာပြင် ညီညာပြန့်ပြူးမှုအားနည်းခြင်း၊ လိုင်းတွန့်များရှိခြင်း၊ လေခိုခြင်း စသည့် ပြစ်ချက်များကြောင့် နောက်ဆုံးပေါ် နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်သည့်မှန်များ၏ အရည်အသွေးကို မမီတော့ပါ။ တန်ဖိုးမြင့်မှန်များဖြစ်သော အားဖြည့်မှန် (Tempered Glass)၊ လွှာထပ်မှန် (Laminated Glass)နှင့် ကြည့်မှန် (Mirror Glass) များအဖြစ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ချေ။

သို့ဖြစ်၍ စက်မှုဝန်ကြီးဌာနသည် နောက်ဆုံးပေါ်နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်သည့် တစ်ရက်တန် ၁၅၀ ကျ မှန်စက်ရုံစီမံကိန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Preferential Buyer's Credit Loan Agreement ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြင့် ကျောက်ဆည်မြို့ စက်မှုနယ်မြေ ယင်းစွဲတောင်အနီးတွင် တည်ဆောက် အကောင်အထည်ဖော်ခဲ့ပါသည်။ မှန်ချက်ရာတွင် အဓိကသဘာဝသယံဇာတကုန်ကြမ်းဖြစ်သည့် သဲကို စက်ရုံအနီးရှိ အသွင်ပြောင်းသလင်းကျောက်များ ထွက်ရှိသော ယင်းစွဲတောင်မှ ထုတ်ယူရရှိမည်ဖြစ်ပါသည်။ အခြား ကုန်ကြမ်းများဖြစ်သော ထုံးကျောက်ကို ရွှေဥမင်းတောင်မှလည်းကောင်း၊ ဒိုလိုမိုက်ကို တောင်ဘိုတောင်မှလည်းကောင်း၊ ကြွေကျောက်ကို ကမပြကျွှေ့တောင်မှလည်းကောင်း ရယူသုံးစွဲမည်ဖြစ်ရာ ကုန်ကြမ်းရယူမည့်နေရာအားလုံးသည် စက်ရုံ၏အနီးဆုံးပတ်ဝန်းကျင်တွင် တည်ရှိပါသည့်။ ဓာတုကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်သော ဆိုဒါအက်ရှ်ကိုသာ ပြည်ပမှ တင်သွင်းရမည်ဖြစ်သည်။

ယင်းစွဲတောင်မှရရှိသော သလင်းကျောက်တုံးများကို (0.1~0.71) mm အမှုန့်ရသည့်တိုင်အောင် စက်များဖြင့် အဆင့်ဆင့်ကြိတ်ခွဲရပါသည်။ ရရှိသော သဲများကို ရေဖြင့်ဆေးကြောပြီး မလိုလားအပ်သော မြေသားနှင့် အခြား Impurity များကို ဖယ်ရှားပြီး ဆီလီကာ SiO2 98 ရာခိုင်နှုန်းရရှိသည်အထိ သန့်စင်ကာ အခြောက်ခံရပါသည်။ အဆိုပါ ဆီလီကာသဲများကို အသင့်ကြိတ်ခွဲပြုပြင်ထားသော အခြားကုန်ကြမ်းများနှင့်ရောစပ်ပြီး မှန်ရည်ကျိုမီးဖိုအတွင်း ထည့်သွင်းပြီး မှန်ရည်ဖြစ်အောင် ကျိုချက်ရပါသည်။ တစ်ဖက်လျှင် မီးထိုးခေါင်း ၁၁ ခုစီဖြင့် အပူချိန် ၁၆၅၀ ဒီဂရီစင်တီဂရိတ်ထိ အပူပေးထားသောမီးဖိုတွင် ကုန်ကြမ်းများသည် မှန်ရည်အဖြစ် ပြောင်းလဲသွားကြပါသည်။ ထို့နောက် အပူချိန် ၁၁၀၀ ဒီဂရီစင်တီဂရိတ် အပူပေးအရည်ကျိုထားသော သံဖြူရည်ပေါ်တွင် မှန်ရည်ကို ဖြတ်သန်း စီးဆင်းစေသောအခါ ကြည်လင်တောက်ပပြီး ညီညာပြန့်ပြူးသည့် မှန်များသည် အဆက်မပြတ် ထွက်ရှိလာပါတော့သည့်။ မှန်ချပ်များကို Annealing Lehr ခေါ်သည့် နှပ်ဖိုအတွင်း ဆက်လက်ဖြတ်သန်းသွားသောအခါ မာကျောခိုင်ခံ့သည့် မှန်အချပ်များ ရရှိပါတော့သည်။

ထိုမှန်ချပ်များကို လိုအပ်သည့် အရွယ်အစားအတိုင်း ဖြတ်တောက်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ထုပ်ပိုးကြရပါသည်။ အချို့မှန်များကိုမူ တန်ဖိုးမြင့်မှန်ထုတ်လုပ်ရေးအတွက် Deep Process ခေါ် တန်ဖိုးမြှင့်မှန် ထုတ်လုပ်သည့်ဌာနသို့ ဆက်လက်ပို့ဆောင်ပါသည်။ Deep Process ဌာနတွင် မှန်ကို အနားသွေးခြင်း၊ အနားလုံးခြင်း၊ လိုအပ်သည့် ပုံသဏ္ဌာန် အမျိုးမျိုးရရှိအောင် ဖြတ်ခြင်း၊ အပေါက်ဖောက်ခြင်းများ ပြုလုပ်ရပါသည်။

Deep Process တွင် ကားများတွင် အသုံးပြုသည့် လေကာမှန် ထုတ်လုပ်ခြင်း၊ အားဖြည့်မှန် ထုတ်လုပ်ခြင်း၊ လွှာထပ်မှန်ထုတ်လုပ်ခြင်းနှင့် ကြည့်မှန်ထုတ်လုပ်ခြင်းဟူ၍ အဓိကလေးမျိုး ပါရှိပါသည်။

အားဖြည့်မှန် (Tampered Glass) သည် သာမန်မှန်ထက် ပိုမိုခိုင်ခံ့စေရန် အပူပေးပြီး လေဖြင့် အအေးခံခြင်းဖြင့် ထုတ်လုပ်ပါသည်။ သာမန်ထက် ငါးဆခန့် ပိုမိုခိုင်ခံ့ပြီး ကွဲလျှင် အသီးကလေးများဖြစ်သွားကာ လူကို အန္တရာယ်မဖြစ်စေတော့ပါ။ မော်တော်ကားဘေးမှန်၊ Walling နှင့် အိမ်သုံးပစ္စည်းများအဖြစ် အသုံးပြုပါသည်။

လွှာထပ်မှန် (Laminated Glass) သည် မှန်များကြားတွင် PVB (Poly Vinyl Butyral) ပလတ်စတစ်စည့ပ်ပြီး ဖိအားနှင့် အပူပေး၍ ခိုင်ခံ့အောင် ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ကွဲသွားလျှင် တွဲကပ်နေပြီး လူကို အန္တရာယ်မဖြစ်စေပါ။ ကျည်ကာမှန်၊ ကားရှေ့လေကာမှန်နှင့် လုံခြုံရေးမှန်များအဖြစ် အသုံးပြုပါသည်။

ကြည့်မှန် (Mirror Glass) သည် သာမန်ကြည့်မှန်များကဲ့သို့ ပြဒါးသုတ်ခြင်း မဟုတ်ဘဲ အလူမီနီယမ်အသုံးပြု၍ Coating တင်ကာ ထုတ်လုပ်ပြီးဖြစ်သဖြင့် ပုံရိပ်ထင်ရှားပြတ်သားစေပါသည်။

အထူ နှစ်မီလီမီတာမှ ၁၁ မီလီမီတာရှိသော မှန်အရွယ်အစားအမျိုးမျိုးကို တစ်ရက်လျှင် ၁၁၇ တန်နှုန်းဖြင့် တစ်နှစ်လျှင် ၄၂၇၀၀ တန်ထုတ်လုပ်မည် ဖြစ်ပါသည်။ အရောင်မှန် (Color Glass) ၁၇၇၀၀ တန် ထည့်သွင်း ထုတ်လုပ်ပါက မှန်အကြည် ၂၅၀၀၀ တန် ထွက်ရှိမည်ဖြစ်ပါသည်။ ထွက်ရှိမည့် မှန်အကြည်များကို အားဖြည့်မှန် (Tempered Glass) ၅၀၀၀ တန်၊ လွှာထပ်မှန် (Laminated Glass) ၅၀၀၀ တန်နှင့် ကြည့်မှန် (Mirror Glass) ၆၀၀ တန်ကို တန်ဖိုးမြင့်မှန်အဖြစ်ဆက်လက်ထုတ်လုပ်နိုင်ပါသည်။

ယခုနှစ်မြန်မာနိုင်ငံတွင် နှစ်စဉ်ဖြည့်ဝမှ မှန်တင်သွင်းမှုမှာ တစ်နှစ်လျှင် တန်ချိန် လေးသိန်းခန့်ရှိရာ မှန်စက်ရုံ(ကျောက်ဆည်)မှ ထုတ်လုပ်သော အဆင့်မြင့်မှန်များသည်လည်း ပြည်ပသွင်းကုန် အစားထိုးအဖြစ် တစ်စိတ်တစ်ဒေသမှ နေရာယူနိုင်တော့မည် ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသား ဖော်ပြအပ်ပါသည်။

မှန်စက်ရုံ(ကျောက်ဆည်)ရှိ လုပ်ငန်းခွင် တစ်နေရာကို တွေ့ရစဉ်။

ပေးသမျှလည်း ရပါစေ

ခင်မောင်ဌေး
(ပညာရေး)

လာမည့် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ပင်စင်လစာနှင့်ဆုကြေးငွေများ တိုးမြှင့်ပေးရေးဆောင်ရွက်မည်ဆိုသည့် သတင်းဖတ်ရသည်။ နိုင်ငံ့စန်ထမ်းများအတွက် မြင့်တက်လာနေသည့် ကုန်ဈေးနှုန်းအား ကာသင့်သလောက်ကာမိနိုင်မည်ဖြစ်၍ ဝမ်းသာမိသည်။

အထူးသဖြင့် မိတ်ဆွေကျောင်းဆရာများအတွက် ဝမ်းသာမိသည်။ ထိုထက်မိ၍ဆိုရလျှင် အခြေခံလစာလောက်မျှဖြင့် တိုင်းပြည်တာဝန်ကို ခြေခြေမြစ်မြစ် တာဝန်ယူထမ်းဆောင်ခဲ့သည့် မူလတန်းပြဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများနှင့် ပင်စင်စားများအတွက် ပို၍ပင် ဝမ်းသာရပါသည်။

စာရေးသူသည် ပညာရေးလောကမှဖြစ်သည့်အားလျော်စွာ ဆရာ ဆရာမများစွာဖြင့် သိကျွမ်းလှပါသည်။ ရင်းနှီးသောစာရေးဖက် မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးလည်းရှိပါသည်။ အနှီဆရာကြီးကား လှိုင်မြစ်တစ်ဖက်ကမ်းတွင် နှစ်ပေါင်း (၂၇)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကာ ယခုပင်စင်စားဘဝရောက်နေလေပြီ။ သံယောဇဉ်တွယ်တာလွန်းလှသော အနောက်ဘက်ကမ်းရွာကလေးအကြောင်း မကြာခဏ စာရေးဖြတတ်သဖြစ်၏။ သူ့အတွက်ပို၍ပင် ဝမ်းသာရမလိုပင်။

ဆရာကြီးနှင့် တွေ့ဆုံစဉ်က "ကျုပ်က ထမင်းတစ်နပ်ပဲစားတယ်။ ကျန်တဲ့အချိန်တော့ အဆာပြေမုန့်နဲ့ကော်ဖီတစ်မျိုးမျိုးစားလိုက်တာပဲ။ "ဆရာကြီးရယ် ဘာလို့များထမင်းတစ်နပ်ပဲစားရတာတုန်း"ဟု မေးသောအခါ "ကျုပ်ပင်စင်ရတာက သုံးသောင်းပဲလေဗျာ။ ကျုပ်တစ်ကိုယ်ရေတစ်ကာယအတွက်ကိုပဲ ထမင်းတစ်နပ်ပဲစားမရမှာပေါ့။ ဒါကြောင့် ကျုပ်ကပင်စင်မယူခင်ကတည်းက အကျင့်လုပ်ထားတာဗျ" ဟု ဆိုသည်။

ယခုအခါ နိုင်ငံတော်မှ အခါအားလျော်စွာ လုပ်ခလစာများနှင့်အတူ ပင်စင်လစာများအချိုးကျတိုးမြှင့်ပေးခဲ့ရာ "အင်း ဒီလိုဆိုရင် ကျုပ်ထမင်းနှစ်နပ်လောက်တော့ စားနိုင်ပြီပေါ့ဗျာ"ဟု ပြောလာမည့် ဆရာကြီး၏စကားသံကို ကြားယောင်မိပါသည်။

စင်စစ်ပင်စင်လစာတိုးသော်လည်း ပင်စင်စားများအတွက် အချိုးကျတိုးမြှင့်ရကြရာ အခြေခံလစာအားဖြင့် နည်းပါးလှသည်ဖြစ်ရာ ပင်စင်လစာမှာလည်း သိသိသာသာကြီး တိုးမြှင့်ရကြသည်တော့မဟုတ်ပါ။ ဆရာကြီးတစ်ဦးက ပြောဖူးပါသည်။ "ကျုပ်လစာနည်းလို့ ပင်စင်လစာလည်း နည်းပါတယ်။ ဒါပေမယ့် ကျုပ်မွေးထုတ်လိုက်တဲ့တပည့်ကတော့ ပင်စင်လစာတောင် ကျုပ်ထက်အပုံကြီးကွာလှသဗျာ။ ဝမ်းသာပါတယ်" ဟု၍ပြောသည်။

စင်စစ်မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဟူ၍ အဆင့်သတ်မှတ်ကာ ရရှိသည့် လစာနှုန်းထားများလည်း မတူညီကြပါ။ သို့သော် တပည့် ကျောင်းသား ကျောင်းသူများကို လိမ္မာရေးခြားရှိရန် အသိပညာ၊ အတတ်ပညာဝေးသည့်နေရာတွင် ကွာလှသည်တော့မဟုတ်ပါ။ ကကြီးခခွေးဝင် မရေးတတ်သည့် ကလေးအားကန့်ကူလက်လှည့်သင်ပေးခဲ့ရသည့် ဆရာ ဆရာမများတွင် အခြေခံကျသည့် မူလတန်းပြဆရာ ဆရာမများသည် ပို၍ပင် တာပန်ကြီးလှပါသည်။ မို၍ပင် အခြေခံကျလှပါသည်။ အဆင့်ဆင့်သော အတန်းပညာအသီးသီးတို့သည် အခြေခံပညာ တတ်ကျွမ်းလာမှုအပေါ်တွင်သာ တည်မှီနေပါသည်။ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများတွင် မူလတန်းဆရာ ဆရာမများသည် လစာနှုန်းထားအမြင့်ဆုံး ရရှိနေကြသည်။ မိမိတို့နိုင်ငံတွင်မူ ကျင့်သုံးခဲ့သည့် မူအရ မူလတန်းသည် လစာအနည်းဆုံးဖြစ်နေခဲ့ရသည်မှာ ယနေ့တိုင်ဖြစ်၏။ ထို့ကြောင့်လည်း ရရှိသည့် လစာနှင့် ပင်စင်လစာမှာလည်း အနည်းဆုံးဖြစ်နေရဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ မိတ်ဆွေပန်ထမ်းများနှင့် ပင်စင်စားများအတွက် အထိုက်အလျောက် ပြေလည်နိုင်မည်ဖြစ်၍ ကြည်နူးမိပါသည်။ ထို့အတူ အချိန်နှင့်အမျှ အကျမရှိ တက်မြဲတက်နေသည့် စားသောက်ကုန်ဈေးနှုန်းများကို ထိန်းညှိပေးနိုင်ဖို့ပင်ဖြစ်သည်။ ဝန်ထမ်းလစာတိုးမည်ဆိုလိုက်သည်နှင့် အထွေထွေကုန်ဈေးနှုန်းများ တက်ဖို့ တာစူနေကြလေပြီ။ ပေးသမျှလည်းရ ကျေးသမျှလည်းဝစေလိုလှပါသည်။

အထူးသဖြင့် လစာနည်း အခြေခံဝန်ထမ်းများ၊ ပင်စင်စားများအတွက် ပို၍ ဝမ်းသာမျှင်ပါတယ်။ ။

ရွှေတိဂုံ၌ မြတ်ဗုဒ္ဓကို ပူဇော်ခြင်း ဓာတ်ပုံများပြသ

ရန်ကုန် ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံမှ ဗုဒ္ဓဘုရားရှင်အပေါ် ယုံကြည်သက်ဝင်ကြည်ညိုမှုများကို ဖော်ညွှန်းထားသည့် "မြတ်ဗုဒ္ဓကို ပူဇော်ခြင်း" ဓာတ်ပုံပြပွဲကို ရွှေတိဂုံစေတီတော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဇန်နဝါရီ ၆ ရက်မှ ၁၉ ရက်အထိ ပြသလျက်ရှိသည်။

ပြပွဲတွင် လက်မ ၂၀ ကျော် အရွယ်ဓာတ်ပုံကြီး ၆၀ ကျော်ကို ချိတ်ဆွဲပြသထားသည်။ ဓာတ်ပုံများကို ကြည့်ရသူတို့အဖို့ အလွန်မှပင် စိတ်နှလုံးချမ်းမြေ့စေပြီး တရုတ်ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုဓလေ့စရိုက်ကျင့်စဉ်များကို ဖော်ညွှန်းထားသည်ကိုတွေ့ရသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

မရွှေ့ပြောင်းနိုင်သောမစ္စည်းများ ပိုင်ရေးပိုင်ခွင့် ခိုင်မြဲစေရေးဆောင်ရွက်ကြပါရန် နှိုးဆော်ချက်

မြေ/အဆောက်အအုံအရောင်းအဝယ်များအတွက် အရပ်ကတိစာချုပ်ချုပ်ဆိုခြင်း၊ General Power/Special Power လွှဲပြောင်းရယူထားလျက် ကိုင်ထားခြင်းများအတွက် နိုင်ငံတော်မှသတ်မှတ်ထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ထားခြင်းမဟုတ်ပါက တရားတဘောင်အမှုဖြစ်လာလျှင် တရားရုံးများမှ လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်သဖြင့် မိမိပိုင်ငွေ/ပစ္စည်းဆုံးရှုံးသွားမည်ဖြစ်ဝေသည်။

မိမိဝယ်ယူထားသော အိမ်၊ခြံမြေစာချုပ်များသည် တရားပင် မဖြစ်ပါက မူလရောင်းချသူက အခြားသူများကို ထပ်မံရောင်းချသော်လည်း မိမိတို့ကတရားစွဲဆိုနိုင်မည် မဟုတ်ပါ။ Special power ပေးထားသူတစ်ဦး အကြောင်းအမျိုးမျိုးကြောင့် သေဆုံး၊ ရူးသွပ်သွားပါက မိမိလက်ဝယ်တွင်ရှိသော Special Power သည်လည်းကောင်း၊ သေဆုံးသူ လက်မှတ်ရေးထိုးခဲ့သော လက်မှတ်သည်လည်းကောင်း ဥပဒေကြောင်းအရ တရားဝင်တော့မည် မဟုတ်ပါ။ ၎င်းမသေဆုံးမီကတည်းက တရားပင်မှတ်ပုံတင်ထားမှသာ ထိုစာချုပ်သည် တရားပင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အိမ်ခြံမြေဝယ်ယူထားသူများသည် မိမိ၏ပိုင်ရေးပိုင်ခွင့်ကို ခိုင်မာစေရန်အတွက် မိမိတို့ဆောင်ရွက်ထားသော အိမ်ခြံမြေအရောင်းအပယ်စာချုပ်အား ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ကာ တရားဝင်မှတ်ပုံတင်ခြင်း၊ ဝင်ငွေခွန်များထမ်းဆောင်ထားခြင်းတို့ကို ဥပဒေတို့နှင့်အညီ ဆောင်ရွက်ထားရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.
ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း
အမှတ်တံဆိပ်

အသည်းအားဆေး

အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး

* အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
* အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
* Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
* Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်၊ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
* နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

Reference :
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ၊ ၁၃၊ ၂၂ ၊ ၂၀၁၃

၁၉၇၁-၁၉၇၇ မတ် Batch ပညာရေးတက္ကသိုလ်သူငယ်ချင်းများ၏
ပဉ္စမအကြိမ်မြောက်ပြန်လည်တွေ့ဆုံပွဲ

နေ့ရက် - ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် (၁၀) နာရီ
နေရာ - ဓမ္မရက္ခိတ ဖြူးမဟာစည် လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာအနောက်ဘက်

ဆက်သွယ်ရန် -
ဦးမောင်ဝင်း ဖုန်း- ၀၉-၅၄၁၅၁၁၂
ဦးဦးကျော်စိန် ဖုန်း- ၀၉-၂၅၄၁၀၇၀၅၄
ဒေါ်မြင့်ဝေ ဖုန်း- ၀၉-၇၃၁၅၂၄၄၂
ဒေါ်ရီရီတင် ဖုန်း- ၀၉-၅၁၈၇၁၉၄
ဒေါ်သက်မာကြည် ဖုန်း- ၀၉-၅၁၉၀၆၉၆
ဒေါ်သန်းသန်းမူ ဖုန်း- ၀၉-၅၄၀၀၈၅၃

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့ ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
Dimsum
76, ဗိုလ်ချုပ်လမ်းမ ... 0973071901
နန်းထိုက်တော်ဝင် သင်တန်း ... လမ်းဒေါင့်၊ မန္တလေး။ 02-31505 | 09 421745522, 01-215072

The Journal Oasis No 100
09-421036363
09-421036436
★အရေးပေါ်ခွဲစိတ်ကုသမှုခံယူလိုက်ရတဲ့ထက်ထက်မိုးဦး★ အုံ့ဩဖွယ်Mother's Dayမွေးနေ့ရှင် ပေပေထက်ထက်မိုးဦးနဲ့ Children's Dayမွေးနေ့ရှင်သမီးလေးစစ်လွန်းဝတီထက်★ သူငယ်ချင်းကိုဖုန်း(မိုးဟေကိုမောင်)အကြောင်းပြောပြလေတဲ့မြင့်မြတ်★ဟင်းလျာတွေနဲ့အပျိုစင်ဘဝအလဲ ... နေရဆဲကယန်းအမျိုးသမီးငယ်များ ★စိုင်းစိုင်းနဲ့တွဲပြီးမထမဆုံးကြော်ငြာရိုက်ခဲ့တဲ့ခင်စုစုနိုင်★ ထိုင်းနယ်စပ်ကHuman Zooဖြစ်နေကြတဲ့ပဒေါင်လူမျိုးများ★ ကျန်ခဲ့တဲ့သုံးဆုထဲကတစ်ဆု လောက်တော့မျှော်လင့်မိတာပေါ့ဒါရိုက်တာနေဝိုင်★အကယ်ဒမီကိုးဆုသာချိုးမြှင့်ဖြစ်တဲ့အကြောင်း သတင်းစာရှင်းလင်းပွဲမြူလုပ်ခဲ့ ★ မြန်မာ့ရိုးရာသကြန်သီချင်းသစ်တွေကိုဖန်တီးချပြလာလေတဲ့ အလင်္ကာဝတ်ရည်မြန်မာ့ဂီတအဖွဲ့★ သစ္စာအလှနဲ့ မေတ္တာမျှခဲ့ကြတဲ့ဇော်ဇော်နဲ့မေသဉ္ဇာဦး••

စာအုပ်စာပေ လှူမိတ်ဆွေ

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

JADE
Travels & Tours
ချောင်းသာ
Gusthouse
30,000
18,25 Jan
17,24 Jan
40,000
0973123443,0943177351,095179754

ကားမျိုးစုံ ...
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
(၆)ဦးဝယ်လျှင် + (၁)ဦးအခမဲ့
ချောင်းသာ (Hotel/Guest House)(ငြိမ်း)
အလောင်းတော်ကဿပ (သီးသန့်)
0931815390,0931815395

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားစီးလုံးငှားသည်။
Ph: 209077, 09-731 67000
209388, 09-731 68000

ပျောက်ဆုံး

ကျွန်တော် မြတ်သူထွန်း ရေကြောင်းဦးစီးမှထုတ်ပေးသည့် EER.NO-1604 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း- ၀၉-၇၃၀၀၈၆၄၁ သို့ တွေ့ရှိသူ အကြောင်းကြားပေးပါ။

ပြည်တွင်းရေးရာ

မြန်မာမသန်စွမ်း ဘိုစီယာ (BOCCIA) အားကစားအသင်းနည်းပြ ဆရာမ ဒေါ်နီနီသော်နှင့် တွေ့ဆုံမေးမြန်း

သန်းနိုင်
(ဇမ္ဗူသီရိ)

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော် ပဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲကြီး၌ အားကစားနည်း ၁၂ မျိုးနှင့် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားနည်းတစ်မျိုးဖြစ်သည့် ဘိုစီယာ (BOCCIA) အားကစားနည်းကို ပဏ္ဏသိဒ္ဓိ အားကစား

ကွင်းကြီးအတွင်းရှိ ဖုဆယ်အားကစားရုံ၌ မသန်စွမ်း ဘိုစီယာအားကစားသမားများ ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်နေကြောင်း သိရသည်။ မသန်စွမ်း ဘိုစီယာ အားကစားသမားများ လေ့ကျင့်နေသော နေရာသို့သွားရောက်ပြီးသိလိုသည်များကို ၎င်းအသင်းနည်းပြဖြစ်သော နည်းပြဆရာမ ဒေါ်နီနီသော်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဘိုစီယာ ကစားနည်းသည် မြန်မာကစားနည်းမဟုတ်ကြောင်း၊ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် စတင်မိတ်ဆက်ပြီး ပထမဦးဆုံး မြန်မာမသန်စွမ်း အားကစားအသင်းအနေဖြင့် ပင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဘိုစီယာအားကစားနည်းသည် ၀၉၈၄ ခုနှစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စတင်မကစားခင်အထိ အပျော်တမ်းကစားနည်းအဖြစ်သာ ကစားခဲ့ကြပြီး ယနေ့ခေတ်တွင် နိုင်ငံပေါင်း ၅၀ ကျော်ကစားနေကြပြီး အားကစားသမားများ၏ ဆေးအဆင့်မှာ သူငယ်နာအကြောတင်းဆေးအဆင့်နှင့် ဘီးတပ်ကုလားထိုင်အသုံးပြုရသော အာရုံကြော အားနည်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆက်လက်ပြောကြားရာတွင် ၂၀၁၃ ခုနှစ် ဇွန်လတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းအသက်ငယ်သင်တန်းကျောင်း ဖဒင်မသန်စွမ်းရိပ်မြုံနှင့် မသန်စွမ်း (သူငယ်နာအကြောတင်း) ဘိုစီယာအားကစားနည်းကို စိတ်ပင်စားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ မသန်စွမ်း(သူငယ်နာအကြောတင်း)အားကစားသမား ၁၅ ဦးကို ပဏာမရွေးချယ်ခဲ့ပြီး ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ဆေးအဆင့်စစ်ဆေးရာတွင် မသန်စွမ်းအားကစားသမားသုံးဦးသာ ဆေးအဆင့်အောင်ပြီး ပင်ရောက်ယှဉ်ပြိုင်ခွင့်ရကြောင်း။

ထို့နောက် အသင်းတွင် အုပ်ချုပ်သူ ဒေါ်ရီမာတင်နှင့် နည်းပြနှစ်ဦးအပြစ် ဒေါ်နီနီသော်၊ ဒေါ်အေးအေးမော်တို့က တာဝန်ယူပြီး အသင်းအားကစားသမား အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း မသန်စွမ်းအားကစားသမားသုံးဦးရွေးချယ်ထားသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် ဘိုစီယာပြိုင်ပွဲဆေးအဆင့်ခွဲခြားရာတွင် Bc 1, Bc 2, Bc 3, Bc 4 တို့ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် Bc 2 ပြိုင်ပွဲကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့ ဝါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး စုစုပေါင်းအားကစားသမား ၂၈ ဦး ပါပင်မည်ဖြစ်ကြောင်း၊ မြန်မာမသန်စွမ်း(သူငယ်နာအကြောတင်း) ဘိုစီယာ အားကစားအဖွဲ့မှ Bc 2 ပြိုင်ပွဲစဉ်တွင် မြန်မာနိုင်ငံအပါအဝင် ငါးနိုင်ငံမှ အားကစားသမား ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း။

ပြိုင်ပွဲကြီးတွင် ဘိုစီယာအားကစား နည်းမှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ငါးခုပေးမည်ဖြစ်ကြောင်းနှင့် မြန်မာအသင်းအနေဖြင့် ဆုရရှိရန် မျှော်မှန်းထားကြောင်းနှင့် မြန်မာပရိသတ်ကြီးမှ မသန်စွမ်းအားကစားပြိုင်ပွဲများကို လာရောက်အားပေးပြီး ဆုတံဆိပ်များရရန် မသန်စွမ်းမြန်မာအားကစားသမားများကို အားပေးလှည့်ပါဟု ဆရာမ ဒေါ်နီနီသော်က ပြောကြားသည်။

The Scientific Presentation

of

BHAGAVAD GITA

ဖိတ်ကြားလွှာ

ရှေးမဲ့ ဘဂဝဒ်ဂီသာကျမ်းလာ အကြောင်းတရား (၅)ပါးကို လူသားအားလုံး၏ အကျိုးကိုရည်မှန်း၍ သိပ္ပံနည်းကျကျ (Projector Slides) များဖြင့် ရှင်းလင်းတင်ပြမည့် အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း (၅)ရက်တိုင်တိုင် ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ပါ၍ လူကြီးမင်းနှင့်တကွ မိသားစုဝင်များ ထူးခြားလှသော ဤအခွင့်အရေးကို လက်လွှတ်မခံဘဲ ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့စွဲ - ၁၅-၁-၂၀၁၄ မှ ၁၉-၁-၂၀၁၄ ထိ
အချိန် - ညစဉ် (၆း၃၀ မှ ၈း၃၀) နာရီထိ
နေရာ - **Park Royal Hotel (Yadanar Ballroom)**

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

မှတ်ချက်- လူဦးရေနှင့် ခုံနေရာ အကန့်အသတ်ရှိပါသဖြင့် (၁၃-၁-၂၀၁၄) နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် ကြိုတင် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်
ဒေါက်တာရာဂျူး 09-73169973
စိုးမိုးကျော် (ခ) Somann 09450009208
ဒေါ်ခင်စန်းသီ 09-5032025

Based on the teachings of
His Divine Grace A.C. Bhaktivedanta Swami Prabhupada
(Founder Acharya of ISKCON)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စည်းဝေး

သထုံ ဇန်နဝါရီ ၁၁

မွန်ပြည်နယ် သထုံမြို့နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က သုံးစွဲခွင့်ပြုခဲ့သောဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ အား စနစ်တကျဖြင့်ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးရွှေ၊ ရပ်ကွက်/ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ဇန်နဝါရီ ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံညှိနှိုင်းစည်းဝေးခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအန်းက မိမိတို့ဒေသအတွင်း အမှန်တကယ်လိုအပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များကလည်း မိမိတို့ဒေသအကျိုးအတွက် စနစ်တကျဖြင့် လုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ကာ ပြည်သူများကပါ ပူးပေါင်းပါဝင်နိုင်ရေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါရန်ပုံငွေများအား သထုံမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် သောက်သုံးရေရရှိရေးလုပ်ငန်း ၁၀ ခု၊ လမ်း/တံတားပြုပြင်ခြင်းလုပ်ငန်း ရှစ်ခု၊ ပညာရေးဆိုင်ရာအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း ၁၅ ခု၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း နှစ်ခုနှင့် ပြည်သူများအတွက် လိုအပ်သော အခြားလုပ်ငန်းတစ်ခုတို့တွင် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

သက်ဦး(သထုံ)

သရက်မြို့နယ် လှိုင်ခြုံကျေးရွာအနီးရှိ ငါးခူအိုင်ရေနံမှော်အတွင်း မီးလောင်မှုဖြစ်

သရက် ဇန်နဝါရီ ၁၁

သရက်ခရိုင်သရက်မြို့နယ် လှိုင်ခြုံကျေးရွာအနီး စွမ်းအင်ဝန်ကြီးဌာန၏ ရေနံလက်ယက်တွင်းတိမ်တူးဖော်ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်မရရှိဘဲ တူးဖော်နေသည့် ငါးခူအိုင်ရေနံမှော်အတွင်း ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငါးခူအိုင်ရေနံမှော်အတွင်းရှိ ဦးစံခ လှိုင်ခြုံကျေးရွာ သရက်မြို့နယ်ပိုင် မြေကွက်အတွင်း ဦးဝင်းတင် အောက်ထုံးကျေးရွာ မအူမင်မြို့နယ်ပါခြောက်ဦးပိုင်ရေနံတွင်း၌ ရေနံခပ်လုပ်သား ဦးပိုက်(ခ) ရဲဝင်းအောင် ပြရေကျေးရွာ သရက်မြို့နယ် ရေနံခမ်းယူနေသော ရေနံတွင်းရှိ အင်ဂျင်စက်ဓီးပေါက်ထွက်ရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ရာ အဆိုပါတွင်းရှိ ရေနံခပ်ပစ္စည်းများဖြစ်သည့် ကလစ်ခုံ၊ အင်ဂျင်စက်၊ ခပ်ကြိုးအပါအဝင် ရေနံတွင်းသုံးပစ္စည်းများ၊ ရေနံစိမ်း ၁၀ ပီပါခန့်နှင့် အနီးရှိ စားသောက်ဆိုင် သံဂဟေနှင့် သံပိုက်လုပ်ငန်း အလုပ်ရုံ လူနေတဲတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါ့ဆစွာလုပ်ကိုင်ခဲ့သူ ဦးပိုက်(ခ) ရဲဝင်းအောင်အား သရက်ရဲစခန်းက အမှုဖွင့်ပြီး အမှုမန်မေါ်ပေါက်ရေး စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုအောင် (သရက်)

ချမ်းပိုင်သစ္စာ
ကျိုက်ထီးရိုး } အထူးရိုးရိုး(နေ့စဉ်)
ချောင်းသာ
ချောင်းသာ Hotel package
(အထူးနှုန်း)
569782, 562829
09 73163538, 09 43033237

ဆရာချို (ရှုပ) မတ်လ(၆)ရက်နေ့စမည်။
၉/၁၀ တန်း
ဘာသာစုံ (၁၅) ဦးဝိုင်း နှင့် ရူပဗေဒသီးသန့်
(၂၆)၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်၊ 09-254200172 , 09-73069260

ကျေးဇူးဆပ်ပါမည်
ကျွန်တော်များ Patriot Power Services Co.Ltd မှ Custome ID မှုရင်း အမှတ်-၇၆၆၇၅၀၊ ၇၆၈၉၈၄၊ ၉၆၉၁၅၅၊ ၇၇၀၉၀၃၊ ၇၇၀၉၁၄၊ ၇၆၉၀၅၄၊ ၇၇၇၇၇၆၊ ၇၇၉၇၁၁၊ ၇၇၉၉၄၉၊ ၇၈၇၅၁၃၊ ၇၅၂၂၇၊ ၇၈၂၇၈၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၅၃၂၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ်-၆/ခ၊ မြေကွက်တည်နေရာအမှတ်-၆/ခ၊ ၇-ဈေးလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြင့်ဆွေ)အမည်ပေါက် နစ(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေ(ခင်ပွန်း)ကွယ်လွန်၍ ဖြင့် ဇနီးဖြစ်သူဒေါ်လှတင်မြင့်၊၁၂/သကတ(နိုင်)၀၃၈၇၀၉၂မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမဝါယမဝန်ကြီးဌာန
e-Government နှင့်ပတ်သက်သည့် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမ ကောလိပ်(ဖောင်ကြီး) တို့တွင် e-Government လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် Server များ တည်ဆောက်ခြင်း၊ Network လုပ်ငန်းနှင့်ဆက်စပ်စက်ပစ္စည်းကိရိယာများ ဝယ်ယူရေးအတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း တင်ဒါခေါ် ဆိုဆောင်ရွက်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁-၂၀၁၄ မှ ၂၀-၀-၂၀၁၄ အထိ (ရုံးပိတ်ရက်မှအပ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း)
တင်ဒါပိတ်မည့်ရက် - ၂၀-၀-၂၀၀၄ ရက်
တင်ဒါပိတ်မည့်အချိန် - ဝ၆း၃၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၀၆)၊ နေပြည်တော်တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပြီး တစ်ပါတည်းဖွင့်ဖောက် စစ်ဆေးမည်ဖြစ်၍ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

သမဝါယမဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ်(၁၆)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၁၁၃၃၊ ၀၆၇-၄၁၀၀၄၀

မြန်မာတိုင်း မြန်မာဝါကျကို မှန်ကန်အောင် ရေးဖွဲ့တတ်ပါ၏လော

ယနေ့မြန်မာတိုင်း မြန်မာဝါကျကို မှန်ကန်အောင် ရေးဖွဲ့တတ်ပါသလားဟုမေးလျှင် အမေးခံရသူအဖို့ စိတ်ကသိကအောက် ဖြစ်သွားမည်ပင်။ စေတုတ္ထမဏ္ဍိုင်ဟု ခေါ်ဆိုအပ်သော သတင်းစာနှင့်မဂ္ဂဇင်းတို့တွင် မြန်မာစာ အသုံးအနှုန်းတို့လွဲမှားနေသည်ကို နေ့စဉ်နှင့်အမျှ တွေ့နေရပေသည်။ လူထု၏ ရှေ့ဆောင်ဖြစ်သော စာနယ်ဇင်းများကစ၍ မှားနေသည်ဆိုပါက ပြုပြင်ရန်အလားအလာမှာ အတော်ကြီးခက်နေပေသည်။ ရစရာမရှိအောင် အမှားကို ထောက်ပြပါဆိုပါက မျက်နှာဖုံးခြောက်လိုင်းမည်းစာလုံးကြီးဖြင့် ဤသို့တွေ့ရပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လွှတ်တော်မှ ဥပဒေပြု ပြည်ထောင်စုအစိုးရမှ အလေးအနက်ထားစာကြောင်းမှာ လွှတ်တော်က ဥပဒေပြု ပြည်ထောင်စုအစိုးရက အလေးအနက်ထားဖြစ်ရမည်။

"ဘာသာစကား၏ ရင်းမြစ်သည် ဝါကျဖြစ်သည်။ ဝါကျဆိုသည်မှာ ဘာလဲဟု အမေးရှိလာလျှင် အဓိပ္ပာယ်ပြည့်စုံသော စကားစုကို ဝါကျဟုခေါ်သည်" ဟု ဖြေဆိုရပေသည်။ ဝါကျဖြစ်ဖို့ ကြိယာ Verb ပြုသည်၊ လုပ်သည်၊ ဖြစ်သည်နှင့် ကတ္တား Subject ပြုသူ၊ လုပ်သူ၊ ဖြစ်သူတို့ လိုအပ်သည်။ တစ်ခါတစ်ရံ ကတ္တားမြုပ်ပြီး ရေးထုံးအချို့ရှိသည်။ ယင်းကြောင့် ဝါကျဖွဲ့ရာတွင် ကြိယာသည် ကတ္တားထက်ပို၍ အရေးကြီးသည်။ သာစကအမှန်စင်စစ် ကြိယာသည် ဝါကျ၏ အချုပ်အခြာဖြစ်နေ၏။ "ထို့ကြောင့် ဝါကျဖွဲ့နည်းကို စစ်ဆေးကြည့်ရှုရာ၌ ကတ္တားကိုမြုပ်ထားသည်ဖြစ်စေ၊ ဖော်ထားသည်ဖြစ်စေ ကြိယာ၏အမှုအရာကို အထူးသတိပြုရာ၏"ဟု မြန်မာဝါကျဖွဲ့ထုံးကျမ်းတွင် ဆရာကြီးဦးဖေမောင်တင်က အထူးမှာကြားထားလေသည်။

ဝါကျဖွဲ့ခြင်းအတတ်ပညာသည် နာမ်၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနအစရှိသော ဝါကျ၏ အင်္ဂါတို့အပေါ်တွင် တည်လျက်ရှိ၏။ ဝါကျအမျိုးမျိုးတို့ကို ဖွဲ့နိုင်ရန် ထိုအင်္ဂါတို့ကို အလိုရှိသည့်အတိုင်း စပ်ဟပ်စီစဉ်ခြင်းဖြင့် ရရှိနိုင်သည်။ မှန်ကန်စွာ စပ်ဟပ်နိုင်ရန်အတွက် နာမ်၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန အစရှိသော ဝါကျ၏ အင်္ဂါတို့ကို ကောင်းစွာနားလည်မှလည်း မှန်ကန်စွာ စပ်ဟပ်နိုင်မည်ဖြစ်သည်။

မြန်မာဘာသာစကားကို ပြောဆိုရေးသားရာတွင် မိမိပြောဆိုချင်သလို ရေးသားချင်သလိုပြောဆိုရေးသား၍ မရပေ။ မြန်မာသဒ္ဒါကျမ်းတို့တွင် ပါရှိပြီးဖြစ်သော လိုက်နာအပ်သည့် စည်းကမ်း နည်းဥပဒေတို့ ရှိ၏။ ယင်းစည်းကမ်းနှင့် နည်းဥပဒေတို့အတိုင်း ပြောဆိုရေးသားမှသာမှန်၏။

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(BJA)သည် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း(BTS) စာပေဗိမာန်နှင့်ပူးပေါင်း၍ သတင်းစာပညာအတတ်သင်ကျောင်းကို တည်ထောင်ခဲ့ကြသည်။ တစ်ပတ် ငါးကြိမ်၊ တစ်နှစ်ကြာမျှ သင်ကြားပို့ချ၏။ ယင်းသို့ပို့ချရာတွင် ဆရာကြီးဦးဖေမောင်တင်က ဧည့်ပါမောက္ခအဖြစ်နှင့် မြန်မာဝါကျ ဖွဲ့ထုံးပုံ Sentence-Pattern တို့ကို သင်ကြားပို့ချပေး၏။

ယင်းကြောင့် ထိုကျောင်းထွက်သတင်းစာဆရာများသည် မြန်မာစာအရေးအထုံးအဖွဲ့တွင် တတ်နိုင်သမျှ ဂရုစိုက်ကြ၏။ အမှားနည်းအောင်အားထုတ်ကြ၏။

သတင်းစာဆရာအချို့သည် သတင်းတို့ကို သတင်းစာ အချိန်မီထွက်ရှိရေးအတွက် အလျင်အမြန်တည်းဖြတ်ရ၍ အမှုခံလွှတ်လိုက်ရသော အရေးအသားတို့တွင် အမှားမကင်းရှိတတ်သည်ဟု ပြောဆိုတတ်ကြပေသည်။ တစ်ကြိမ် နှစ်ကြိမ်မှားသည်ကို ခွင့်လွှတ်နိုင်သော်လည်း မကြာခဏထပ်တလဲလဲမှားနေသည်ကိုမူ ခွင့်လွှတ်ရန်ခက်ခဲလှပေသည်။

ယနေ့ စာနယ်ဇင်းသမားတို့ အမှားအများဆုံးစာလုံး လေးလုံးရှိသည်။ ကနှင့်မှ(နှစ်လုံး)၊ ကိုနှင့်အား(နှစ်လုံး) ပေါင်း လေးလုံးဖြစ်သည်။ လမ်းစဉ်ပါတီခေတ်က(ဥက္ကဋ္ဌကြီးမှ ပြောကြားသွား၏။ သဘာပတိကြီးမှ တာပန်ယူသွား၏)ဟူသော အမှားမျိုးကို တွင်တွင်သုံးနေကြသည်။

စင်စစ်အနေ်သည် ဤသို့ဖြစ်သည်။ မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာအဘိဓာန်စာမျက်နှာ (၁)တွင် (က) ဖြုသူ၊ ဖြစ်သူကို ညွှန်ပြသောစကားလုံးသည်(မောင်ဘက ပြောသည်)ဟု ဥပမာပေးဖော်ပြထား၏။

ဥက္ကဋ္ဌကြီးမှပြောကြားသွား၏ဟု မှကိုမသုံးသင့်ပါ။ က ကိုသာသုံးသင့်၏။ ကကိုသာ (ဥက္ကဋ္ဌကြီး) ကတ္တားနောက်တွင် တွဲလေ့ရှိသည်။ မှကို ကတ္တားနောက်တွင် တွဲလေ့မရှိ။ က ကိုသာ ကတ္တားနောက်တွင်တွဲနိုင်၏။ ယင်းကြောင့် ရာထူးဝန်အဖွဲ့မှ (မဟုတ်) ရာထူးဝန်အဖွဲ့က ကြေညာလိုက်သည်။ ဥက္ကဋ္ဌကြီးက ပြောကြားသွား၏။ သဘာပတိကြီးက တာဝန်ယူသွား၏၊ တို့သာအမှန်ဖြစ်၏။

အထူးသဖြင့် အမှားအများဆုံးကား ကို သုံးရမည့်နေရာတွင် အား ကို တစ်အားပြီးတစ်အား သုံးကြခြင်းပင်ဖြစ်၏။ "မိတ္ထီလာပဋိပက္ခဖြစ်စဉ်အား နောက်ကွယ်မှကြိုးကိုင်ခဲ့သည့် ကျူးလွန်သူများကို"ဟု ငါးကော်လံခေါင်းတပ်ထားသည် သတင်း။ ဖြစ်ရမည်မှာ (မိတ္ထီလာပဋိပက္ခဖြစ်စဉ်ကို နောက်ကွယ်က ကြိုးကိုင်ခဲ့သည် ကျူးလွန်သူများအား) ဟု ပြင်ဆင်ရပေမည်။

(၁)(ကတ္တားပုဒ်) ဤလုလင်သည်၊ (ကံပုဒ်) ဤအကြောင်းကို၊ (လက်ခံပုဒ်) ငါ့အား၊ (ကြိယာပုဒ်)မေး၏။ (ဝိဓုရဇာတ်တော်ကြီး စာ-၃၆)။ (၂) ဗေဒါရီလည်းအကြောင်းမျိုးကို ဓမည်းတော်ရှင်ရသေ့အား လျှောက်လေ၏။ (ဦးကုလားရာဇဝင် (ပ)စာ-၁၂၀။)။ (၃) ကျောင်းနေအရှင်လည်း သား၏အရိုးကို သူဌေးအား ပေးလေ၏။ (မဃ္ဃဝိကာသ စာ-၃၀။)

ယင်းဥပမာပြပါကျသုံးခုစလုံးသည် ကို ပစ္စည်းတွဲသော ကံပုဒ်က ရှေ့၊ အား ပစ္စည်းတွဲသော လက်ခံပုဒ်က နောက် တွဲထားသောပုံစံဖြစ်၏။

က နေရာတွင် မှ၊ ကို နေရာတွင် အား မကြာခဏမှား ရေးသားနေကြ၍ ဆရာကြီးဦးဖေမောင်တင်က စာနယ်ဇင်းသမားများမမှားရအောင် ဤသို့သင်ပြထားသည်။ မှ နေရာတွင် က ကိုရေးလျှင်မမှား၊ က နေရာတွင် မှ ကိုရေးလျှင် မသင့်။ ကို နေရာတွင် အားကိုသုံးလျှင် မသင့်။ အား နေရာတွင် ကို ကိုသုံးနိုင်သည်။ ဆိုလိုသည်မှာ မှ ကိုလုံးဝမသုံးဘဲ က ကို သုံးလျှင်ဖြစ်၏။ အား ကို လုံးဝမသုံးဘဲ ကို ကိုသုံးလျှင်ဖြစ်၏။ (ဤပစ္စည်းကို ငါ့အားပေးလော့) ဟူသော ဝါကျတွင် ကို ကိုရှေ့ကထား၍ အား လက်ခံကို နောက်ထားရေးရန်ဖြစ်၏။ မှ နှင့် အား ကို တတ်နိုင်သမျှ မသုံးဘဲ က နှင့် ကို ကိုသာသုံးပါလျှင် စာနယ်ဇင်းသမားတိုင်း အမှားကင်းမည်ဟုဆရာကြီး ဦးဖေမောင်တင်က မှာကြားခဲ့ပေသည်။

ဧမြန်းသစ္စာ

ပရိသတ်ရှေ့သို့ တစ်ပြိုင်တည်းပြန်လည်ရောက်ရှိလာမည့် Girls' Generation နှင့် PSY

ကေပေါ့ပ်လောက၏ ခေတ်အစားဆုံး တေးသံရှင်များဖြစ်ကြသည့် အမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation နှင့် PSY တို့က ယခုလကုန်ပိုင်း သို့မဟုတ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ၎င်းတို့၏ ဂီတအယ်လ်ဘမ်သစ်များနှင့်အတူ ပရိသတ်ရှေ့သို့ တစ်ပြိုင်နက်တည်း ပြန်လည်ထွက်ပေါ်လာဖွယ်ရှိကြောင်း သိရသည်။

Girls' Generation ဂီတအဖွဲ့သည် ၂၀၁၃ ခုနှစ်အတွင်းက ၎င်းတို့၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကိုလည်း အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပြီး I Got A Boy အယ်လ်ဘပ်ဖြင့် ယူကျူဂီတဆုပေးပွဲတွင် တစ်နှစ်တာ အကောင်းဆုံး ဗီဒီယိုဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခုအခါ အဆိုပါအဖွဲ့သည် မြောက်မြားစွာသော တေးသီချင်းဗီဒီယိုများကိုလည်း ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့၏ အသစ်ထွက်ရှိမည့် တေးသီချင်းဗီဒီယိုအမြည်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည့် Marchen Fantasy ဂီတဖျော်ဖြေပွဲတွင် မိတ်ဆက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ကေပေါ့ပ်လောကမှ ကမ္ဘာ့ဂီတလောကသို့ အရှိန်ပြင်းပြင်းဖြင့် လွှမ်းမိုးနိုင်ခဲ့သူ PSY က ၎င်း၏ တေးသီချင်းဗီဒီယို၏ နောက်ဆုံးဇာတ်ပင်ခန်းကို ယခုလလယ်တွင် ရိုက်ကူးသွားရန်ရှိပြီး အယ်လ်ဘမ်သစ်ကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဖြန့်ချိသွားရန်စီစဉ်ထားကြောင်း သိရသည်။

PSY က ၎င်း၏ အဆိုပါအယ်လ်ဘမ်သစ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်စီစဉ်နေခြင်းဖြစ်ကြောင်း၊ "Gangnam Style ရဲ့ နောက်ဆက်တွဲ GENTLEMAN ကို စီဝဉ်တုန်းက အတွေးသစ်တွေ အများကြီး ရှိခဲ့တယ်၊ အခုအယ်လ်ဘမ်သစ်အတွက်တော့ အတွေးသစ်တွေ သိပ်မရှိပါဘူး။ ဒါပေမယ့် ပရိသတ်အတော်များများကတော့ ဒီအယ်လ်ဘမ်သစ်ကို တော်တော်လေးမျှော်လင့်နေကြပါတယ်"ဟု PSY က ပြောကြားခဲ့ကြောင်း သိရသည်။

ခြေလှမ်းသစ်အဖြစ် ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် ရိန်း

တောင်ကိုရီးယား အနုပညာကြယ်ပွင့် ရိန်းက မကြာမီက ဖြန့်ချိခဲ့သည့် Rain Effect အမည်ရှိ ၎င်း၏ ဆဋ္ဌမမြောက်အယ်လ်ဘမ်ထွက်ရှိအပြီးတွင် ရုပ်သံဇာတ်လမ်းတွဲပရိသတ်များအတွက် ကေဘီအက်စ်ရုပ်သံလိုင်း၏ 1 Night 2 Days ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

အဆိုပါ 1 Night 2 Days ဇာတ်လမ်းတွဲ၏ ရိုက်ကူးမှုအားလုံးပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ယင်းဇာတ်လမ်းတွဲကို ညေ်သည့်အချိန်တွင် ထုတ်လွှင့်ပြသမည်ကို အတိအကျမသိရသေးကြောင်း သိရသည်။

ပရိသတ်များမှ M Countdown ၏ အပတ်စဉ်ဂီတဇယားတွင် ထိပ်တန်းအနုပညာရှင် တစ်ဦးအဖြစ် ဂုဏ်ပြုခဲ့သည့်အတွက် ပမ်းသာမိပါကြောင်းနှင့် အနာဂတ်တွင်လည်း အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ရိန်းက ၎င်း၏တွစ်တာစာမျက်နှာမှတစ်ဆင့် ပရိသတ်အား ပြောကြားခဲ့ကြောင်းသိရသည်။

မျိုးစန္ဒာမောင် ➤ ရေးသားသည်

ကျိုင်းတုံ၌ မီးလောင်မှုဖြစ်ပွား

ကျိုင်းတုံ ဇန်နဝါရီ ၁၀

ကျိုင်းတုံမြို့ ရပ်ကွက်(၁) တာချီလိတ်လမ်းရှိ အထက-၄ ကျောင်းရှေ့၌ ဇန်နဝါရီ ၉ ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ်တစ်လုံးနှင့် ဆိုင်ကယ်ပြင်ဆိုင် အဆောက်အအုံတစ်လုံးမီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အိမ်ရှင် အထက-၄ အလယ်တန်းပြဆရာမ ဒေါ်ဂျူလီ အန်နာသည် နေအိမ်အတွင်း၌ အဆိုပါညက လျှပ်စစ်မီး ပျက်နေသဖြင့် ပလတ်စတစ်အဝတ် ထည့်ဗီရိုငါးဆင့်၏အပေါ်တွင် ဖယောင်းတိုင်မီး ထွန်းညှိထားပြီးနောက် သားနှစ်ဦး၊ သမီးတစ်ဦးနှင့်အတူ အိပ်ရာထဲတွင် အိပ်ပျော်သွားခဲ့ကြောင်း သိရသည်။ အိပ်ပျော်နေစဉ် ဖယောင်းတိုင်မီးမှ တစ်ဆင့် အဝတ်ထည့်သော ပလတ်စတစ်ဗီရိုအား စတင်ကူးစက်လောင်ကျွမ်းသွားပြီးနောက် အတ်စိမ်းကာ သွပ်မိုးတစ်ထပ်အိမ်ပါ မီးလောင်ခဲ့ရပြီး နေအိမ်နှင့်ကပ်လျက် ဘယ်ဘက်ဘေးရှိ သားကြီး ဆိုင်ကယ်ပြင်ဆိုင် သွပ်မိုးထရံကာ တစ်ထပ်အဆောက်အအုံလည်း မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

(၅၁၃)

တရားမဝင်ဆင်ဆာမဲ့ ခိုးကူးခွေများ သိမ်းဆည်းရမိ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့စခန်းကွပ်ကဲရေးရုံးမှ သတင်းဝေမှုချက်အရ ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီက ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် ဘီ-၄ဝါလမ်း တိုက်(၁၁) မြေညီထပ်ရှေ့လက်ဆောင် ဖိနပ်ဆိုင်ပိုင်ရှင် ဦးပင်းသိန်း အသက်(၃၀)နှစ်၏အခန်းအတွင်း၌ တရားမဝင်ဆင်ဆာမဲ့ ခိုးကူးစက်နှင့် အခွေများကူးယူဖြန့်ချိ ရောင်းချနေကြောင်း သတင်းအရ ရှောင်တခင် ဝင်ရောက်ဖမ်းဆီးရာ ACER အမျိုးအစား ၂၀ လက်မ အနက်ရောင် မော်နီတာအပေါ်စက်တစ်လုံး၊ DELUX အမျိုးအစား စာတန်းပါ အနက်ရောင် ကွန်ပျူတာကီးဘုတ်တစ်လုံး၊ DELUX အမျိုးအစား အနက်ရောင်ဘောက်တစ်လုံး၊ ASUS အမျိုးအစား အနက်ရောင်တစ်ခွေ နှစ်ချပ်ထွက် ခွေကူးစက်တစ်လုံးနှင့် တရားမဝင်ဆင်ဆာမဲ့ခွေမျိုးစုံ အချပ် ၂၇၀ ကို သိမ်းဆည်းရမိကြောင်း သိရသည်။(၅၁၂)

ကလေးမြို့ အောင်သစ္စာရပ်ကွက် ပဲကြော်ဖိုအိမ်မီးလောင်

ကလေး ဇန်နဝါရီ ၁၁

ကလေးမြို့ အောင်သစ္စာရပ်ကွက် နယ်မြေ(၁၁) မင်းရဲကျော်စွာလမ်းမဘေးရှိ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဦးကျော်ပေပိုင်ဆိုင်သော ပဲကြော်ဖိုလုပ်ငန်းဆောင်ရွက်သည့်အိမ်တစ်လုံး ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီခဲ့က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း အောင်ဇေယျ၊ အောင်သစ္စာရပ်ကွက်နှင့် အနီးအနားရပ်ကွက်မှပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ဘေးအိမ်များ မီးကူးစက်မှုမှ ကာကွယ်နိုင်ခဲ့ပြီး ယင်းမီးလောင်မှုဖြစ်ပွားသည့် အိမ်အား အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်မီးသတ်နှင့် ပင်လုံမီးသတ်တို့မှ မီးသတ်ယာဉ်များ လာရောက်ငြိမ်းသတ်မှုကြောင့် ည ၇ နာရီ ၅၅ မိနစ်တွင် မီးညွှန့်ကျိုးသွားခဲ့သည်။

ယင်းသို့ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူအသေအပျောက်မရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ မသိရသေးကြောင်း၊ မီးလောင်မှုဖြစ်ပွားသည့်အချိန်မှာ အိမ်ပိုင်ရှင်နှင့် အလုပ်သမားများမရှိသည့် အချိန်တွင်ဖြစ်ကြောင်း သိရသည်။

(ဂျူနိုင်း)

အားကစား

၂၀၁၃ ဖီဖာအကောင်းဆုံးကစားသမားဆု Ballon d ' Or ဆု ဘယ်သူရင်ခွင်ထဲရောက်မလဲ

မနက်ဖြန် ဇန်နဝါရီ၁၃ ရက်ဆိုလျှင် ကမ္ဘာတစ်ဝန်းက ဘောလုံးချစ်ပရိသတ်တွေစိတ်ဝင်စားသည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးဆုများကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့ရှိ ကွန်ဂရက်ဟောက်မှာ ပေးအပ်ချီးမြှင့်တော့မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှချီးမြှင့်မည့်ဆုများမှာ ဖီဖာအမျိုးသား အကောင်းဆုံးကစားသမားဆု(ရွှေဘောလုံးဆု)၊ အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသားအသင်းဘောလုံးနည်းပြ ဆု၊ အမျိုးသမီးနည်းပြဆု၊ ဖီဖာဥက္ကဋ္ဌ၏ဂုဏ်ပြုဆု၊ ဖီဖာအသန့်ရှင်းဆုံးဆု၊ ဖီဖာပွတ်ရှ်ကတ်ဆု၊ ဖီဖာ၏နေရာအလိုက်အကောင်းဆုံးကစားသမားအသင်း ၁၁ ယောက်ဆုတို့ဖြစ်သည်။ ထိုဆုများအနက် ဘောလုံးအားကစားကို ချစ်မြတ်နိုးသည့် ပရိသတ်များ အထူးစိတ်ဝင်တစားစောင့်ကြည့်ရင်ခုန်ကြသည့်ဆုမှာ ဖီဖာအမျိုးသားအကောင်းဆုံးကစားသမားဆု (Ballon d' Or ဆု)ဝင်ဖြစ်သည်။

၂၀၁၃ Ballon d' Or ဆုအတွက် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ရီးယဲလ်မက်ဒရစ် တောင်ပံတိုက်စစ်ကစားသမား စီရော်နယ်လ်ဒို၊ ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ဖရန့်ရီဘာရီတို့ သုံးဦးကို ဆန်ခါတင်ကစားသမားများအဖြစ် ရွေးချယ်ထားပြီး ၎င်းတို့ သုံးဦး၏ စွမ်းဆောင်ရည်များကိုရွေးချယ်ပြီး လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် Ballon d' Or ဆု အပါအဝင် လေးနှစ်ဆက်တိုက် ဖီဖာအကောင်းဆုံးကစားသမားဆုရှင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် ၂၀၁၃မှာလည်း သူ၏အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့ပြီး ဘာစီလိုနာကိုနောက်ထပ်လာလီဂါဖလားတစ်လုံး ဆွတ်ခူးနိုင်အောင် အဓိကနေရာမှ စွမ်းဆောင်ပေးခဲ့သူ၊ အမိနိုင်ငံ လက်ရွေးစင်အသင်းကို ၂၀၁၄ ကမ္ဘာ့ဖလားပွဲအရောက်ပို့ဆောင်ပေးခဲ့သူဖြစ်သည်။ နောက်တစ်ကြိမ် ဖီဖာအကောင်းဆုံးဆုအတွက် မျှော်လင့်ချက်ထားရှိနေသူလည်း ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၀၈ ခုနှစ်က ဖီဖာအကောင်းဆုံးကစားသမားဆု ရရှိခဲ့သူဖြစ်သည်။ ၂၀၁၂-၂၀၁၃ ရာသီအတွင်း ဥရောပပြိုင်ပွဲများနှင့်ပြည်တွင်းဖလားပြိုင်ပွဲများတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ဘက်ခံစစ်ကြောင်းကိုဖြတ်ကျော်ကာ ၃၄ ဂိုးအထိ သွင်းယူပြနိုင်ခဲ့သည်။ မိခင်ပေါ်တူဂီအသင်း ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်လက်မှတ်တစ်စောင်ရရှိနိုင်ရန် ပြောင်မြောက်သည့်ခြေစွမ်းနှင့် အထိရောက်ဆုံး ပံ့ပိုးပေးနိုင်ခဲ့သူဖြစ်၍ ယခုချီးမြှင့်မည့်ဆုအတွက် မျှော်မှန်းနိုင်သည့် အဆင့်ရှိသူဟုဆိုနိုင်သည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်တွက်၊ ပညာတန်ဆောင်(၃)လမ်း၊ အမှတ်(၂၄၃)နေ (ဦးကန်းအေး-ဒေါ်သန်းတင်)တို့၏ သားကြီး၊ (ဦးကျော်စိန်-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်သန်းသန်းနွယ်၏ခင်ပွန်း၊ ဒေါ်စိုးစန္ဒာဝင်း (အမက-၀၀၊ ဒဂုံမြို့နယ်)၊ တိုဝင်းကိုအောင်၊ မမွန်မွန်သဲ၊ တိုညီညီဝင်းထွန်း-မခိုင်သဲဖြူကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မသွဲ့စန္ဒီထွန်း(ခ)တန်နီတို့၏ဘိုးဘိုးသည် ၀၀-၀-၂၀၁၄ (သောကြာနေ့) နံနက ၉း၀၅ နာရီတွင် ထွယ်လွန်သွားပါသဖြင ၀၂-၀-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၀၂နာရီထွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနတ်၀၀နာရီထွင်ထွက်ပါမည်။) တျန်ရစ်သူမိသားစု

ဒေါက်တာမောင်မောင်ကြီး (၆၉)နှစ်
M.B.,B.S (Mdy)

မန္တလေးမြို့နေ (ဦးအုန်းတန်)-ဒေါ်စတ်လွင်တို့၏သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်နေ ဒေါ်တာဒေါ်ချိုချိုညို၏ခင်ပွန်း၊ စင်ကာပူနိုင်ငံနေ ဦးကျော်စိန်-ဒေါ်တင်တင်လ၊ မန္တလေးမြို့နေ ဦးညွှန့်ဝေ၊ ဦးခင်မောင်မြင့်၊ ရန်ကုန်မြို့နေ ဦးတင်တန်း-ဒေါ်အေးအေးခင်၊ စင်ကာပူနိုင်ငံနေ ဦးမောင်မောင်ကျော်-ဒေါ်သန်းသန်းတန်၊ မန္တလေးမြို့နေ ဒေါ်ခင်မေတန်တို့၏အစ်ကိုကြီးသည် ၀၀-၀-၂၀၁၄(သောကြာနေ့) ညနေ ၄း၃၁နာရီတွင် စင်ကာပူနိုင်ငံအထွေထွေရောဂါကုဆေးရုံကြီး၌ တယ်လွန်သွားပါသဖြင့် ၀၂-၀-၂၀၀၄ရက် ညနေ ၆း၄၅ နာရီတွင် စင်ကာပူနိုင်ငံ Mandi crematirium ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၀၆-၀-၂၀၀၄ရက်တွင် (မ/၄၉) နိဗ္ဗာန်လမ်း၊ စော်ဘွားကြီးကုန်း တောင်သုတန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်မောင်သောင်း
အသက်(၆၈)နှစ်

တောင်ကြီးမြို့၊ တန်အောက်ရပ်တွက်၊ ချယ်ရီလမ်း၊ အမှတ်(၅၄)နေ (ဦးမြသောင်း-ဒေါ်စောတင်)တို့၏ သားကြီး၊ မောင်သူရိန်သောင်း (ဟော်နန်း မီဒီယာ ဂရုနှင့် ရောင်းဝယ်ရေး)၊ မောင်ဇနည်သောင်း(ကြီးကြပ်ရေးမှူး၊ ကိုယ်ပားသတင်းစာတိုက်၊ တောင်ကြီး)တို့၏ဖခင်၊ ဒေါ်သန်းသန်းဦး၏ ခင်ပွန်း ဦးတင်မောင်သောင်းသည် ၀၀-၀-၂၀၁၄(စနေနေ့) မွန်းတည့် ၀၂ နာရီတွင် ထွယ်လွန်သွားပါသဖြင ၁၃-၀-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အတက်ပါနေအိမ်၌ သရဏဂုံတင်ပြီး တောင်ကြီးမြို့၊ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးဟန်(ဗိုလ်ချုပ်ဈေး) (၅၈)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်တျင်းလမ်း၊ ယမုံနာ (၂)ရပ်တက်၊ အမှတ်(၅၄-B)နေ (ဦးစိန်တုန်း-ဒေါ်ခင်မမ)တို့၏သား၊ ဦးမြင့်စိုး-(ဒေါ်ခင်မာညွှန့်)တို့၏ ညီ၊ ဦးကျော်ဆန်း-ဒေါ်စံပယ်သိန်း၊ ဒေါ်စန်းစန်းထွေးတို့၏ အစ်ကို၊ ကိုသန့်ဇင်အောင်-မခင်သဥ္ဇာစိုး၊ ကိုဉာဏ်မြင့်ထွန်း-မဇာဇာစန်း၊ မမြူစင်သန့်၊ မဝေဇင်သန့်တို့၏ဦးလေး၊ မအင်ကြင်းမွေး၏ အဘိုးလေးသည် ၀၀-၀-၂၀၀၄ (သောကြာနေ့) ညနေ ၃း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ တယ်လွန်သွားပါသဖြင့် ၀၂-၁-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြင့် (၉၈)နှစ်
(သိမ်ကြီးဈေး)
(စွန်းလွန်းယောဂီ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တန်/နောက်ရပ်တက်၊ (၈၈)လမ်း၊ အမှတ်(၄၆)နေ (ဦးပိုက်-ဒေါ်ရင်မေ)တို့၏သမီး၊ ဦးစိန်ဝင်း-ဒေါ်မြခင်၊ ဦးစိန်လင်း-ဒေါ်ခင်စိုးဦး၊ (ဒုတိယဗိုလ်မှူးကြီး လကေး)-ဒေါ်ခင်အေးကြည်၊ ဦးသန်းတန်းလင်-ဒေါ်ကြည်ကြည်လှတို့၏ ကျေးဇူးရှင်အဒေါ်သည် ၀၀-၀-၂၀၀၄ (စနေနေ့) နံနက် ၈း၄၅ နာရီတွင် နေအိမ်၌ တယ်လွန်သွားပါသဖြင့် ၀၃-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အတတ်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

တျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးတင်ယု (၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်တက်၊ နတ်ချောင်း(၂)လမ်း၊ အမှတ (၁၆-အေ)၊ လေးလွှာနေ (ဦးအောင်တင်-ဒေါ်ခင်မေ)တို့၏သား၊ (ဦးဟိုစိန်-ဒေါ်တျင်တီ)တို့၏သားသမတ်၊ ဒေါ်တင်တင်မြ(ခ)ဒေါ်လထူး၏ခင်ပွန်း၊ ဦးနေဝင်းယု-ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်သောင်း-ဒေါ်လဲ့လဲ့ယု၊ ဦးဝင်းကိုကိုယု-ဒေါ်ဝေဝေသောင်း၊ ဦးနေမျိုးယု-ဒေါ်အေးမိုမို့လှုင်၊ ဦးဇော်ဦး-ဒေါ်သီရိယု၊ မချယ်ရီယုတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၀၂ ယောတ်တို့၏အဘိုးသည် ၀၀-၀-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် တယလွန်သွားပါ၍ ၀၂-၀-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွတ်ပါမည်။)

တျန်ရစ်သူမိသားစု

မြန်မာ့ကြေးမုံ ထုတ်ဝေရေးဌာနကြီး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသိဒ္ဓိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

themirror.npt@gmail.com နှင့်
www.facebook.com\themirrordaily

ဒုတိယသမ္မတ ဦးညာဏ်ထွန်း အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုငွေသားဆုများ ပေးအပ်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုငွေသားဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်ကစားသမားများပါဝင်ယှဉ်ပြိုင်

မန္တလေး ဇန်နဝါရီ ၁၀

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ၂၀၁၄ ကို ယနေ့နံနက် ၆ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးရှေ့ ကျုံးတောင်ဘက် (၇၁) လမ်းနှင့် (၇၂) လမ်းကြား (၂၆)လမ်းရှိပြိုင်ပွဲမခ်ဦးနေရာ၌ ကျင်းပသည်။(ယာပုံ)

ရှေးဦးစွာ မီနီမာရသွန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်စုရပ်တွင် နေရာယူကြပြီး မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းက မီနီမာရသွန်ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ထို့နောက် မီနီမာရသွန်ပြိုင်ပွဲဝင် အားကစားသမားများသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ (၂၆) လမ်းမှ လမ်း(၈၁)၊ လမ်း(၈၀)မှ (၁၂)လမ်း၊ (၁၂) လမ်းမှ (၆၆) လမ်းသို့လည်းကောင်း၊ (၆၆) လမ်းမှ (၁၀) လမ်းသို့ လည်းကောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယနေ့

မာတိကာ

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ယခင်နှစ်များအတိုင်း ပြောင်းလဲမှုမရှိဘဲ စစ်ဆေးမည်
စာမျက်နှာ - ၈

ပေးသမျှလည်း ရပါစေ
စာမျက်နှာ - ၁၀

၂၀၁၃ ပီဖာအကောင်းဆုံး ကစားသမားဆု ဘယ်သူ့ရင်ခွင်ထဲ ရောက်မလဲ
စာမျက်နှာ - ၁၃

ROYAL
MODERN FURNITURE

Myanmar Furniture Co.,Ltd.

လူကြီးမင်းတို့၏ မီးဖိုချောင် အတွက် . . .

- စိတ်ကူးဒီဇိုင်းများကို Auto CAD ဒီဇိုင်းများဖြင့်အခမဲ့ရေးဆွဲပေးခြင်း။
- စိတ်ကြိုက်အမျိုးအစား၊ အတိုင်းအတာကို လိုအပ်သလိုမှာယူနိုင်ခြင်း။
- ကျွမ်းကျင်ဝန်ထမ်းများမှ အခမဲ့တပ်ဆင်ပေးခြင်း။
- လူကြီးမင်းတို့၏အိမ်ဂေဟာအရောက် အခမဲ့ပို့ဆောင်ပေးခြင်း။

များကိုလူကြီးမင်းတို့စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါပြီ . . .

Ph : 09 4500 14454, 09 730 35590, 09 4200 33129, 09 431 67682

ကြေးမုံ The Mirror
တနင်္ဂနွေအထူး
SUNDAY SPECIAL
2014 JANUARY 12, SUNDAY

PREMIER® COFFEE
သဘာဝကော်ဖီစစ်စစ်အရသာ...ပရီမီယာ

စီးပွားရေး

ပို့ကုန်ဘာကြောင့်နည်းရသလဲ

Dr. မောင်အောင်

မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများ အဓိကတင်ပို့ရာ မူဆယ်ကုန်သွယ်မှုဇုန်။

မြန်မာနိုင်ငံ၏ ပို့ကုန်အားလုံးနီးပါးမှာ အစဉ်အလာတင်ပို့နေသည့်မူလထုတ်ကုန်များ (Primary Items) များ ဖြစ်သောကြောင့် ဈေးကွက်တွင် အရည်အသွေးနိမ့်သည့်အတွက် ရသည့်ဈေးနှုန်းလည်း နိမ့်ကျသည်။ အရည်အသွေး အာမခံချက်အားနည်းမှုကြောင့် ရေရှည်တည်တံ့သော ဈေးကွက်မရရှိဘဲ ပို့ကုန်အများစုမှာ ရသည့်ဈေးကွက်ကို ရသည့်ဈေးနှုန်းနှင့် ရောင်းနေရသည့် အခြေအနေသာ ဖြစ်နေသည်။

မြန်မာ့ပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုဝမ်းအား နည်းပါးမှုကြောင့်လည်း မြည်ပဈေးကွက်ပေစရရှိမှ တရုတ်နိုင်ငံဈေးကွက်မှလွဲ၍ ကျန်သည့်နိုင်ငံဈေးကွက်များ ကျဆင်းနေရခြင်းဖြစ်သည်။ ယခင်စီးပွားရေးပိတ်ဆို့မှုများ နှစ်ပေါင်းများစွာရှိခဲ့သည့်အတွက် ပို့ကုန်ဈေးကွက် အနည်းငယ်သာရှိခဲ့၍ ပို့ကုန်နည်းရခြင်းဖြစ်သည်။

ယခင်ကဆိုလျှင် ပိတ်ဆို့မှုများကြောင့် ပို့ကုန်အတွက် ငွေပေးချေမှုများကို TT (Telegraphic Transfer) ဖြင့်သာ လုပ်ဆောင်ရ၍ ပို့ကုန်တင်ပို့ရန် နှစ်ရင်းရင်းရ၍ အရင်းအနှီး ပိုမိုလိုအပ်သည်။ တစ်နည်းဆိုသော် သွင်းကုန်တင်သွင်းသူများနှင့် နှိုင်းယှဉ်လျှင် ပို့ကုန်တင်ပို့သူများက ပို၍စွန့်စားရသည်ဖြစ်သည်။ နယ်များမှတစ်ဆင့် ပို့ကုန်ပစ္စည်းဝယ်ယူရေး၊ အရည်အသွေးမီရေး၊ သယ်ပို့စရိတ်၊ သိုလှောင်စရိတ်၊ (Logistics Cost) ငွေလဲနှုန်း စသည်တို့သွင်းကုန်တင်သွင်းခြင်းထက် ပိုအဆင့်များ၍ မသေချာမှုပိုများသည်။

ထို့အပြင် ပို့ကုန်နည်းရသည့်အကြောင်းရင်းတစ်ရပ်မှာ အချို့သော မြန်မာ့ပို့ကုန်များ နယ်စပ်ထွက်ပေါက်များမှ တရားမဝင်စီးထွက်မှုများ ယနေ့အထိလည်း ရှိနေဆဲဖြစ်သောကြောင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုစာရင်းများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ စာရင်းများလျော့နည်းနေကြောင်း တွေ့ရသည်။

ပို့ကုန်တန်ဖိုးနည်းရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ လုပ်ငန်းရှင်အများစုအခြေခံကုန်စည်ပို့ကုန်ကို တန်ဖိုးမြင့်တက်လာစေရန် Value Creation ဖြုလုပ်မည့်ဆင့်တက်ပြုပြင်လုပ်ငန်းများ လုပ်ဆောင်မှုအားနည်းခြင်းကြောင့် ဖြစ်သည်။ မိဘဘိုးဘွားဘီဘင် လက်ထက်ကတည်းက တင်ပို့နေသည့် မူလထုတ်ကုန် ပို့ကုန်များကိုသာ ယနေ့အထိ အများစုအစဉ်အလာအတိုင်း တင်ပို့နေဆဲဖြစ်သည်။ အကြောင်းမှာ ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်လာစေရန် Infrastructure နှင့် ပံ့ပိုးမှုများ အားနည်းနေခြင်းကြောင့် ဖြစ်သည်။

ဘောဂဗေဒရှုထောင့်မှ ပြောရသော် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပင်ငွေဝယ်လိုအား အလျှော့အတင်းများသည့် ကုန်စည်များ တိုးချဲ့ထုတ်လုပ်မှသာ တိုးတက်ကြီးပွားနိုင်သည်။ ဆိုလိုသည်မှာ လူအများဝင်ငွေတိုးလာသည့်အခါ တိုးပြီးဝယ်ယူစားသုံးမည့်ကုန်စည်မျိုးကို တိုးချဲ့ထုတ်လုပ်မှသာ အဆိုပါလုပ်ငန်းအောင်မြင်မည်ဟု ဆိုသည်။

သို့သော် နိုင်ငံအဆင့်အနေဖြင့် စဉ်းစားမည်ဆိုလျှင် ကွင်းဆက်များသည် Linkages လုပ်ငန်းများ တည်ထောင်မှသာ တိုင်းပြည်အတွက် အကျိုးကျေးဇူးရှိမည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်ဆောင်ခြင်းဖြင့် ထုတ်လုပ်ခြင်းလုပ်ငန်းတစ်ရပ်ဖြစ်ပေါ်ရန် ထုတ်လုပ်မှုမပြုမီ လုပ်ဆောင်ရမည့် ကွင်းဆက်များ Backward Linkages များနှင့် ထုတ်လုပ်မှုအပြီး လုပ်ဆောင်ရမည့် အဆင့်များ Forward Linkages များလေ အကျိုးရှိလေဖြစ်သည်။

ဆိုလိုသည်မှာ ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်မှု လိုအပ်သော ကုန်ကြမ်းထုတ်လုပ်မှုသွင်းအားစုများအပိုင်း၊ ကုန်ချောထုတ်လုပ်မှုအပိုင်း၊ ထုတ်လုပ်ပြီးစီးသည့်အခါ ဈေးကွက်အရောက် ဖြန့်ဖြူးရသည့်အဆင့်များကြောင့် ပြည်တွင်းသွင်းအားစု အသုံးပြုမှု၊ အလုပ်အကိုင်ရရှိစေမှု၊ တန်ဖိုးသစ်များဖန်တီးပေးမှု စသည်တို့ကြောင့် လူမှုစီးပွားရေး အကျိုးသက်ရောက်မှုသည် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်သည်။ ELG မော်ဒယ်အကောင်အထည်ဖော်မည်ဆိုလျှင် ပို့ကုန်နှင့်ဆက်စပ်နေသော

စာမျက်နှာ ၂၁သို့ »»

PUN HLAING HOSPITAL
ISO 9001:2008
ပန်းလှိုင်ဆေးရုံ၏ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ
Quality Care with Compassion
'ကျန်းမာပျော်ရွှင်တဲ့
မိသားစုဘဝကိုပိုင်ဆိုင်ဖို့
ပုံမှန်ကျန်းမာရေး
စစ်ဆေးကြပါစို့'

- အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း
- အသက်အရွယ်အပိုင်းအခြားအလိုက်အမျိုးသား/အမျိုးသမီးများ ကျန်းမာရေးစစ်ဆေးပေးခြင်း
- နိုင်ငံခြားသွားမည့်သူများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- လက်ထပ်တော့မည့်ဇနီးမောင်နှံများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- ကိုယ်ဝန်ဆောင်မိခင်များအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- အမျိုးသမီးများရင်သားနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများသားအိမ်ခေါင်းနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- နှလုံးရောဂါနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာစစ်ဆေးပေးခြင်း

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : enquiry.phih@spa.com.mm

ပို့ကုန်ဘာကြောင့်နည်းရသလဲ

»» ဓမ္မဖုံးမှ

ဆင့်တက်ပြုပြင်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာမည်ဖြစ်၍ အထက်ဖော်ပြပါ ကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုများ ရရှိမည်ဖြစ်သည်။

ပို့ကုန်မြှင့်တင်ရေး အလားအလာကောင်းများ

လက်ရှိမြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အာဆီယံနိုင်ငံများအကြားတွင် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်လည်းကောင်း များစွာနည်းပါးနေသေးပြီး တည်ရှိနေသည့်အရင်းအမြစ်များနှင့် နှိုင်းယှဉ်လျှင် များစွာနိမ့်ကျနေပေသေးသည်။ သို့သော် ရှထောင့်မျိုးစုံမှ သုံးသပ်ကြည့်မည်ဆိုလျှင် မြန်မာပို့ကုန် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ များစွာတွေ့ရသည်။

ယခုအခါ ကမ္ဘာ့ဈေးကွက် ပွင့်လင်းလာမှုကြောင့် ယခင်ထုတ်ယူအသုံးမပြုရသေးသော သဘာဝအရင်းအမြစ်များကို စရိတ်သက်သက်သာသာဖြင့် တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်မှုအပေါ် အခြေခံသည့် "Vent-for-Surplus" သီအိုရီအရ ပို့ကုန်များ များစွာတိုးချဲ့နိုင်သေးကြောင်း ပညာရှင်များက သုံးသပ်ကြသည်။ ထို့အတူ "Gravity model"ပေါ် အခြေခံသည့် မြန်မာ့ပို့ကုန်များ တင်ပို့နိုင်သေးသည့် ဈေးကွက်များ အများအပြားရှိနေမှုကလည်း ပို့ကုန်မြှင့်တင်ရေးကို အားပေးနေသည်။

ဝယ်လိုအားဘက်မှ သုံးသပ်ရသော် အိမ်နီးချင်းနိုင်ငံကြီးများ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ဇောက်ချထုတ်လုပ်မှုအပေါ် အခြေခံသည့် နှိုင်းယှဉ်အကျိုးကျေးဇူး (Reveal Comparative Advantage-RCA) မတူညီမှုသည် ဒေသတွင်းကုန်သွယ်မှုကို တိုးပွားစေမည်ဖြစ်သည်။ ဆိုလိုသည်မှာ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ စိုက်ဇောက်ချထုတ်လုပ်မှု(သို့)အများသုံး ပို့ကုန်သည် စက်မှုကုန်စည်များဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ စိုက်ထုတ်လုပ်မှု(သို့)အများသုံးပို့ကုန်အဖြစ် အဖိုးတန်ရတနာပစ္စည်းပို့ကုန်နှင့် ICT အဆင့်မြင့်နည်းပညာ ဝန်ဆောင်မှုပို့ကုန်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် အဓိကဇောက်ချထုတ်လုပ်မှုမှာ သဘာဝဓာတ်ငွေ့နှင့် လယ်ယာထွက်ကုန်ဖြစ်သည့်အတွက် မတူညီသည့်ဇောက်ချထုတ်လုပ်မှုများရှိပြီး မိမိတွင်လိုသည့် ကုန်ပစ္စည်းများ အခြားမှတင်သွင်းရစမြဲဖြစ်၍ ဤသုံးနိုင်ငံအတွင်း ကုန်သွယ်မှု တစ်နေ့တခြား တိုးပွားလာမည်ဖြစ်သည်။

ထို့အပြင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ပြည်သူများ၏ စားသုံးမှုပုံစံ (Consumption Pattern)သည် ယခင်အရည်အသွေးနိမ့်သည့် ကုန်စည်များ စားသောက်မှုမှ ပိုမိုအရည်အသွေးမြင့်သည့် (Quality Food) ကုန်စည်များဖြစ်သည့် နို့နှင့်နို့ထွက်ပစ္စည်း၊ အသားစားသုံးမှု ပိုမိုလာသည့်အတွက် အဆိုပါနိုင်ငံများတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ (သား၊ ငါးမွေးမြူရေးလုပ်ငန်းများ)တစ်နေ့တခြား တိုးတက်လာသည့်အလျောက် တိရစ္ဆာန်အစားအစာ (Animal Feed)အတွက် လယ်ယာကုန်စည်များ ပိုမိုတင်သွင်းလာသောကြောင့် လယ်ယာကုန်စည်ပယ်လိုအားမြင့်တက်နေပေသည်။[၄]

အခြားအရေးပါသည့်အချက်မှာ ယခင် မြန်မာ့ပို့ကုန်များကို အာရှနိုင်ငံအနည်းငယ်ကို တင်ပို့နေရာမှ ယခုအခါ တစ်ကမ္ဘာလုံးသို့ တင်ပို့နေပြီဖြစ်၍ ပို့ကုန်မြှင့်တင်ရေးကို အထူးအားပေးမည်ဖြစ်သည်။ အထူးသဖြင့် Generalized System of Preference(GSP)အခွင့်အရေး ဥရောပနိုင်ငံများမှ ပြန်လည်ပေးလာမှုကြောင့် မြန်မာ့ပို့ကုန်များ ဥရောပဈေးကွက်သို့ဝင်ရောက်ရာတွင် အခွန်အကောက်ကင်းလွတ်မှုကြောင့် ဝယ်ယူသူများအနေဖြင့် ပိုမိုဝယ်ယူတော့မည်ဖြစ်သည်။ ဥပမာ EU နိုင်ငံများသို့ တန်းမြင့်ဆန် တစ်တန်တင်ပို့လျှင် GSP အခွင့်အရေးကြောင့် ဒေါ်လာ ၂၀၀ ကျော်အထိ သက်သာနိုင်ပြီး ဆန်ပို့နိုင်ငံများအနက် မြန်မာနှင့် ကမ္ဘောဒီးယားသာရရှိနိုင်သည့် အခွင့်အရေးဖြစ်သည်။[၅]

> **အခြားအရေးပါသည့်အချက်မှာ ယခင် မြန်မာ့ပို့ကုန်များကို အာရှနိုင်ငံအနည်းငယ်ကို တင်ပို့နေရာမှ ယခုအခါ တစ်ကမ္ဘာလုံးသို့ တင်ပို့နေပြီဖြစ်၍ ပို့ကုန်မြှင့်တင်ရေးကို အထူးအားပေးမည် ဖြစ်သည်။ အထူးသဖြင့် Generalized System of Preference (GSP) အခွင့်အရေး ဥရောပနိုင်ငံ များမှ ပြန်လည်ပေးလာမှုကြောင့် မြန်မာ့ပို့ကုန်များ ဥရောပ ဈေးကွက်သို့ဝင်ရောက်ရာတွင် အခွန်အကောက် ကင်းလွတ်မှုကြောင့် ဝယ်ယူသူများအနေဖြင့် ပိုမိုဝယ်ယူတော့မည် ဖြစ်သည်။**

ထို့အတူ အမေရိကန်ဈေးကွက်သည် ၂၀၀၀ ပြည့်နှစ်မတိုင်မီ မြန်မာ့ပို့ကုန် အများဆုံးပို့ခဲ့သည့် ဈေးကွက်ဖြစ်ခဲ့၍ မကြာမီပြန်လည်တင်ပို့ခွင့်ရရှိတော့မည်ဖြစ်၍ ယခင်က အများဆုံးပို့ခဲ့သည့် အထည်ချုပ်ပို့ကုန်တိုးချဲ့တင်ပို့နိုင်တော့မည်ဖြစ်သည်။

ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း အဝါအဝင် ၂၀၁၅ ခုနှစ်တွင် စတင်တော့မည်ဖြစ်ပြီး လွတ်လပ်သည့်ကုန်သွယ်မှုနယ်မြေတည်ဆောက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ယခုထက် ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်သလို အခြားလွတ်လပ်သော ကုန်သွယ်မှုနယ်မြေများ (Free Trade Area) ပိုမိုထွန်းကားလာမည်ဖြစ်၍ မြန်မာ့ပို့ကုန်များအပေါ် သိသိသာသာ စယ်ယူလိုအားများလာမည်ဖြစ်သည်။

ထို့အတူ ရောင်းလိုအားဘက်(ကုန်ထုတ်လုပ်မှုဘက်)မှ ပြန်လည်ကြည့်မည်ဆိုလျှင်လည်း ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရန် အခြေအနေကောင်းများ ရှိနေဆဲပင်ဖြစ်သည်။ ဥပမာအားဖြင့် လယ်ယာပို့ကုန်အပ်စုဝင်များဖြစ်သည့် လယ်ယာသီးနှံပို့ကုန်များ၊ ရေထွက်ပို့ကုန်၊ သစ်တောထွက်ပို့ကုန် စသည်တို့ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် အလားအလာများရှိနေဆဲဖြစ်ပြီး စိုက်ပျိုးနိုင်သောမြေ တိုးချဲ့နိုင်မှုအရကြည့်သော် လက်ရှိစိုက်ဧက၏ ထက်ဝက်ခန့် ထပ်မံတိုးချဲ့နိုင်သေးကြောင်း သိရသည်။

သီးနှံစားစိုက်ထုတ်လုပ်မှုနှုန်း(Cropping intensity) သည်လည်း လက်ရှိအခြေအနေတွင် ၁၅၀ ဝန်းကျင်သာရှိပြီး သီးထပ်၊ သီးညပ် ယခုထက် ပိုမိုလုပ်ဆောင်နိုင်ပေသေးသည်။ သို့ဖြစ်၍ လယ်ယာကုန်စည်ပိုမိုထုတ်လုပ်ရေးအတွက် စိုက်ပျိုးဧရိယာချဲ့ထွင်ခြင်းနည်းလမ်း (Extensive method) အဖြင့် အထွက်နှုန်း ပိုမိုမြှင့်တင်ရေးစားစိုက်ထုတ်လုပ်သည့်နည်းလမ်း (Intensive method) ကိုပါ လုပ်ဆောင်နိုင်ပါသည်။

ထို့အပြင် ရေသွင်းစိုက်ပျိုးမှုနှုန်း (Irrigation ratio) သည် အိမ်နီးနားချင်းနိုင်ငံများအကြား မြန်မာနိုင်ငံက ၁၈ ရာခိုင်နှုန်းဝန်းကျင်သာ လုပ်ဆောင်နိုင်သည့်အတွက် အနိမ့်ဆုံးဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်က ၅၃ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ကာ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့တွင် ၃၀ ရာခိုင်နှုန်းကျော် လုပ်ဆောင်နေကြောင်း တွေ့ရသည်။ ရေသွင်းစိုက်ပျိုးမှု ယခုထက်ပိုမိုမြင့်တက်အောင် တိုးချဲ့ခြင်းနှင့် ရေကိုပိုမိုရရှိရေးနှင့် အလေအလွင့်နည်းစေရေး စီမံခန့်ခွဲမှု (Water management) ပိုမိုပြုလုပ်နိုင်လျှင် လယ်ယာသီးနှံထွက်ကုန်များ သိသိသာသာ တိုးတက်လာနိုင်ပေသေးသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် တာတမံများရှိသော်လည်း လယ်ကွင်းအရောက် ရေနုတ်မြောင်းများ (Drainage sysetm)မပြည့်စုံမှုကို တွေ့ရပြီး နိုင်ငံတော်အပိုင်းမှ ဘတ်ဂျက်ကန့်သတ်မှုများ ရှိနေမှုကြောင့် (Public Private Partnership-PPP)ဖြင့် လုပ်ဆောင်မည်ဆိုလျှင် ရေသွင်းစိုက်ပျိုးမှုမြှင့်တင်နိုင်ပေမည်။ ထို့နည်းတူ ရေထွက်ပို့ကုန်အနေဖြင့်လည်း မြန်မာနိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ချောင်းအင်းအိုင်များ ပေါလှသော မြန်မာနိုင်ငံအတွက် သဘာဝငါးဖမ်းလုပ်ငန်း တိုးချဲ့နိုင်သလို ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်း (Aquaculture) တိုးချဲ့ရေးအလားအလာများစွာရှိပြီး လက်ရှိဖြစ်ပေါ်နေသည့် အရင်းအနှီးရှားပါးမှုနှင့် အစားအစာဈေးမြင့်တက်မှုကို ဖြေရှင်းနိုင်လျှင် ရေထွက်လုပ်ငန်းပို့ကုန် သိသိသာသာ တက်လာမည်ဖြစ်သည်။

သစ်အခြေခံပို့ကုန်အနေနှင့်မှ လာမည့် ၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ အလုံးလိုက်တင်ပို့ခြင်းခွင့်ပြုတော့မည် မဟုတ်၍ အနည်းဆုံးတန်ဖိုးမြှင့်ထုတ်လုပ်ခြင်း အဆင့်ပြုလုပ်ရတော့မည်ဖြစ်သည့်အတွက် ပို့ကုန်တန်ဖိုးမြင့်တက်မှုကိုသာမကဘဲ အလုပ်အကိုင်များဖန်တီးပေးခြင်းကိုပါ ပြုလုပ်နိုင်မည်ဖြစ်သည်။

မြန်မာ့ပို့ကုန်အများစုမှာ အစဉ်အလာအရ တင်ပို့ရသည့် မူလထွက်ကုန်များ (Primary items) ဖြစ်သည့်အတွက် အရည်အသွေးနိမ့်ကျပြီး ဈေးနှုန်းပါနိမ့်ကျသည်။ ထို့အတွက် မြန်မာ့ပို့ကုန် သိသိသာသာ တိုးတက်စေရန် ပို့ကုန်ပစ္စည်းပုံသဏ္ဌာန် (Pattern of Export) ကို အခြေခံကုန်စည်ပို့ကုန်မှ တန်ဖိုးမြှင့်ပို့ကုန်သို့ မဖြစ်မနေ ပြောင်းလဲရတော့မည်ဖြစ်သည်။ လက်ရှိ Infrastructure အားနည်းမှု၊ အထူးသဖြင့် လျှပ်စစ်ပုံမှန်မရရှိမှုသည် ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်စေရန် အဓိကအဟန့်အတားဖြစ်နေသလို၊ ကျွမ်းကျင်လုပ်သားရှားပါးမှု၊ Logistics cost ကြီးမားမှုနှင့် အပိုကုန်ကျစရိတ် Transaction Costs များကြောင့် ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်စေရန်ဆွဲဆောင်မှု လွန်စွာအားနည်းနေပေသည်။

လယ်ယာကဏ္ဍ၏ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အထူးလိုအပ်ချက်မှာ ဈေးကွက်မှ တောင်းဆိုသည့် အရည်အသွေးမီပြီး ထုတ်လုပ်မှုစွမ်းအား(အထွက်နှုန်း)မြင့်မားသည့် မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးပင်ဖြစ်သည်။ ထို့မှသာ လက်ရှိလယ်ယာပို့ကုန်မြှင့်တင်ရေး၏ အဓိကအားနည်းချက်ဖြစ်သည့် ဈေးနှုန်းအရမယှဉ်ပြိုင်နိုင်ခြင်းနှင့် အရည်အသွေးအရ မယှဉ်ပြိုင်နိုင်ခြင်းနှစ်ရပ်ကို ကျော်လွှားနိုင်မည်ဖြစ်သည်။

[၄] တွက်ချက်မှုများအရ အသားတစ်ကီလို ထုတ်လုပ်ရန် ကန်ကြမ်းအစားအစာ ခုနစ်ကီလို လိုအပ်ကြောင်း တွေ့ရသည်။ ယခုအခါ တရုတ်နိုင်ငံသည် မွေးမြူရေးလုပ်ငန်းများအတွက် အစားအစာကုန်ကြမ်းဖြစ်သည့် ပဲပိစဝ်ကို တန် သန်းချီ၍ ဝယ်ယူတင်သွင်းနေရပြီး အထူးသဖြင့် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားတို့မှ တင်သွင်းနေကြောင်း တွေ့ရသည်။

[၅] World Bank, How can Myanmar Capilize on Myanmar Rice Market Opporitunities, October, 2013

မွေးရပ်မြေ တိုင်းရောဆီသို့ မုဒိတာခရီးစဉ်

»» ကျော်ဖုံးမှ

ငါးပိ၊ ငါးခြောက်ထမ်းပြီး ပြန်လာသောလမ်းဖြစ်သည့်။ အနောက်နွားဟုခေါ်သည့် ရခိုင်ပြည်နယ်က နွားတွေ လာရောက်ရောင်းချရာတွင် အသုံးပြုသောလမ်းဖြစ်သည်။ ယခုကားလေးတဝီဝီနှင့် သွားလမ်းလာလမ်းသာလျက်နေပေ၏။ ပုသိမ်-မုံရွာလမ်းမကြီးကလည်း ထိုနည်းနှင်နှင်ပင်။ ရှေးယခင်က သူ၏ကျောပေါ်မှ နွားလှည်းများ ဥဒဟိုဖြတ်ကျော်ပြီး ထင်းတိုက်၊ ပါးတိုက်သွားခဲ့ကြသည်။ အချို့လူကြီးမိဘများ ကားလမ်းမကြီးကို မြင်မသွားကြရ။ ယနေ့လူငယ်များကား၊ ဆိုင်ကယ်ကိုယ်စီဖြင့် ငါးသိုင်းချောင်းမြို့ကို သွားလိုက်၊ တွင်းကောက်မှတစ်ဆင့် ဟသ်ာတမြို့ကို သွားလိုက်၊ ငါးသိုင်းချောင်း-အိုင်သပြုလမ်းမှ လေးမျက်နှာမြို့ကို သွားလိုက်နှင့် ဘယ်မြို့ဘယ်ရွာကိုမှ ဝေးသည်မထင်ရတော့။

ပတ်ဝန်းကျင်မြို့ရွာတွေကိုပဲ သွားလာနေကြသလားဆိုတော့ မဟုတ်ပါ။ ရွာလွန်ရွှက်တိုက်သည်လို့ပဲပြောပြော ထိုင်း၊ မလေးရှား၊ စင်ကာပူအပြင် ဂျပန်နိုင်ငံအထိသွားနေကြပြီဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က ရန်ကုန်မှလောက်ခရီးကိုဝင် ပြူးတူးပြဲတဲသွားခဲ့ကြရသည်ဖြစ်ပေရာ ယနေ့ကျေးလက်ဒေသနေ လူငယ်များ၏ အသိဉာဏ်ပွင့်လင်းမှု၊ အဖြင်စုံရမှုနှင့် ကြိုးစားရန်းကန်မှုများကို အသိအမှတ်မပြုဘဲ မနေနိုင်ဖြစ်ခဲ့ရသည်။

မုဒိတာအတွေးများ

ဒီဇင်ဘာလ ၂၉ ရက်နေ့ လှော်ကထားအထက မြတ်ဆရာပူဇော်ပွဲ အခမ်းအနားအပြီး၌ ကျွန်တော်တို့ သားအဖ ကားနှင့်မြန်လည်ထွက်ခွာခဲ့သည်။ ရပ်ဝေလေ့ရွာမလေ့မြင်ကွင်းများကို ပြသရင်းက သားရေ ဒါက လှော်ကထားတိုက်နယ်ဆေးရုံကွ၊ ဒါကကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဟိုဟာက စာကြည့်တိုက်၊ ဟိုမှာ လမ်းပြီး ဖူးလိုက်ဦး။ အဲဒါ ဓာတုဘောဂစေတီ အသစ်ပြန်ပြီးတည်ထားတာ။ ဟိုမှာ တဖုန်းဖုန်းနဲ့ ပြေးနေတာတွေက ဂွမ်ဒေါင်းလို့ခေါ်သကွ။ လူပဒေသာတင်ထားတာတွေ့လား စသည်ဖြင့် ပြင်မြင်သမျှကို ရှင်းပြခဲ့သည်။ ဆရာကန်တော့ပွဲမှာ ဆုံတွေ့ခဲ့ကြသည် သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းများ၏ သားသမီးများသည်လည်း လုပ်ငန်းဌာနအသီးသီးမှာ တာစန့်ထမ်းဆောင်နေသူ၊ တက္ကသိုလ်အသီးသီးမှာ တက်ရောက်နေသူ၊ စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်နေသူတွေ ဖြစ်လို့နေပေသည်။ ထိုကဲ့သို့ မြင်ရ ကြားရ သိရသောအခါ သူတို့အတွက်၊ မိမိတို့ဒေသအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ ဖြစ်ပေါ်လာသော မုဒိတာစိတ်ယိုဖိတ်မှုတို့သည်. . . ။

MASTER PHONE SPARE WORLD
ဖုန်းပြုပြင်ရေးနှင့်အပိုပစ္စည်းလက်လီလက်ကားဖြန့်ချိရေး

မိတ်ဆွေကောင်း၊ မိတ်သစ်များကို နွေးထွေးစွာကြိုဆိုလျက်
နာမည်ကြီး Brand LCD, Touch, emmc ic, Power ic နှင့် အခြားသော Spare Parts ပစ္စည်းမျိုးစုံကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ခြင်း။
emmc ic မျိုးစုံကို စက်ဖြင့် ဈေးနှုန်းသက်သာစွာ စိတ်တိုင်းကျပြန်ရေးပေးခြင်း။
Phone Spare Part ပစ္စည်းများကို ဝယ်ယူချင်သည်ဖြစ်စေ၊ hardware ကြောင့် (သို့) software ကြောင့် ပျက်စီးနေသော လူကြီးမင်းတို့၏ ဖုန်းကို ပြုပြင်လိုသည်ဖြစ်စေ၊ MASTER သို့ ကြွလှမ်းခဲ့ပါ။
တိုက်(၁၀)၊ အမှတ်(၃)၊ ဝဠ်မှာ(၆)လမ်း၊ ယုဇနပလာဇာနောက်ကျော၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၅၀၆၀၆၀၁၁၊ ၀၉ ၃၁၇၉၇၂၂၂၊ ၀၉ ၇၃၁၄၃၉၇၇၊ ၀၉၄ ၂၀၀၆၆၈၆၆

မန္တလေးတိုင်းဒေသကြီး

စဉ့်ကိုင်မြို့က မျက်စိရောဂါအထူးကုဆေးရုံ

မျက်စိရောဂါ ခံစားနေရသော မျက်စိဝေဒနာရှင်များအတွက် အထူးအားထားရာ စဉ့်ကိုင်မြို့ရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန ဒေသကြီး(၅) ခုတင် (၅၀)ဆံ့ မျက်စိရောဂါအထူးကုဆေးရုံကြီး(ယာယီ)မှ ၂၀၁၃ ခုနှစ်အတွင်း အကြီးစားခွဲစိတ်မှုနှင့် အသေးစားခွဲစိတ်မှု မျက်စိဝေဒနာရှင် ၂၀၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မျက်စိရောဂါအထူးကုဆေးရုံအနေဖြင့် မျက်စိရောဂါဝေဒနာရှင်များအား အပတ်စဉ် တနလာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် စမ်းသပ်မြီး အင်္ဂါ၊ သောကြာနေ့များတွင် ခွဲစိတ်ကုသပေးလျက်ရှိသည်။ မျက်စိအထူးကုဆေးရုံအနေဖြင့် တစ်လလျှင် မျက်စိဝေဒနာရှင် ၁၀၀ ကျော် ခွဲစိတ်ပေးလျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် လာရောက်စမ်းသပ်ပြသသူ မျက်စိဝေဒနာရှင် ၅၅၄၉ ဦးရှိကာ အသေးစားခွဲစိတ်မှု ၅၆၃ ဦး၊ အကြီးစားခွဲစိတ်မှု ၁၆၃၀ ဦးခွဲစိတ်ပေးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း အသေးစားခွဲစိတ်မှုများဖြစ်သော မျက်တောင်စိုက်၊ မျက်သားတက်၊ အခြားဝေဒနာရှင် ၄၆၂ ဦးတို့ကို ကုသပေးနိုင်ခဲ့ပြီး အကြီးစားခွဲစိတ်မှုအဖြစ် အတွင်းတိမ် မျက်စိဝေဒနာရှင် ၁၄၁၃ ဦးနှင့် ရေတိမ်မျက်စိဝေဒနာရှင် ၀၃၃ ဦး စုစုပေါင်း ၁၅၄၆ ဦးတို့အား အကြီးစားခွဲစိတ်မှုအဖြစ် ခွဲစိတ်ပေးနိုင်ခဲ့သည်။

စဉ့်ကိုင်မြို့နယ် မျက်စိဆေးရုံကြီးအနေဖြင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဌာန ဒေသကြီး(၅)နှင့် တွဲလျက်ရှိသည့်အတွက် ဆေးရုံသို့လာရောက်ပြသသော မျက်စိဝေဒနာရှင်များသာမက ကျေးရွာများအရောက် ကွင်းဆင်း၍ မျက်စိဝေဒနာရှင်များ ရှာဖွေကာ ကုသပေးပြီး လိုအပ်ပါက ဆေးရုံသို့ ခေါ်ဆောင်ကာ ခွဲစိတ်ကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျက်ခမ်းစပ်နှင့် မျက်မပြင်ကာကွယ်ရေးစီမံကိန်းဌာန ဒေသကြီး(၅)ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသွင်၏ ပြောကြားချက်အရ သိရှိရသည်။

မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ လာရောက်သော မျက်စိဝေဒနာရှင်များအား ကုသပေးနေမှုအပိုင်းနှင့် ဆေးဝါးကုသမှုကုန်ကျစရိတ်များ ကျခံသုံးစွဲရမှုကိုလည်း ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသွင်က "ကျွန်မတို့ စဉ့်ကိုင်မျက်စိရောဂါအထူးကုဆေးရုံအနေနဲ့ လာရောက်ပြသတဲ့ မျက်စိဝေဒနာရှင်တွေကို အခမဲ့စမ်းသပ်ပေးခြင်း၊ ဆေးဝါးတွေကိုလည်း အခမဲ့ဝေးပြီး ခွဲစိတ်မှုပြုရာတွင်လည်း ငွေကြေးတတ်နိုင်သတွေကို အနည်းဆုံးသော ခွဲစိတ်စရိတ်နဲ့ မီပိစရိတ်ကိုပိမိကျခံစေပြီး ငွေကြေးမတတ်နိုင်သတွေကို ဌာနအစီအစဉ်နဲ့ဖြစ်စေ၊ အလှူရှင်များ၏ အစီအစဉ်နဲ့ဖြစ်စေ အစီအစဉ်နှစ်မျိုးနဲ့ ဆေးမှအစ အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျက်စိဝေဒနာရှင်များဘက်ကတော့ သွားစရိတ်နဲ့ စားစရိတ်သာကျခံရပါတယ်။ ဆေးရုံမှာနေထိုင်ရတဲ့အတွက် ကျွန်မတို့အနေနဲ့ အလှူခံတာ၊ ဟိုကြေးဒီကြေးကအစ ကောက်ခံခြင်းမရှိပါဘူး"ဟု ပြောကြားသည်။

ခုတင် (၅၀)ဆံ့ မျက်စိရောဂါအထူးကု စဉ့်ကိုင်ဆေးရုံသို့ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များအပြင် မန္တလေးစက်မဇုန်၊ အမရပူရ၊ ပုသိမ်ကြီး၊ ရှမ်းပြည်နယ်မှ မြို့နယ်များ၊ နွားထိုးကြီး၊ တောင်သာ၊ သာစည် စသည့်မြို့နယ်များမှ မျက်စိဝေဒနာရှင်များ လာရောက်ပြသကုသလျက်ရှိကြသည်။ စဉ့်ကိုင်မျက်စိရောဂါအထူးကုဆေးရုံကြီးကို မလက ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကျောင်းအဖြစ်သာ ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်း ဒေသကြီး(၅)မှ တာဝန်ယူ၍ မျက်စိရောဂါဝေဒနာရှင်များအား ကုသဆောင်ရွက်ဝေးခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင် ခုတင် (၅၀) ဆံ့ မျက်စိရောဂါ အထူးကုဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြင်းဖြစ်သည်။

မျက်စိဝေဒနာရှင်များ ကုသဆောင်ရွက်ရာတွင် ခွဲစိတ်မှု ပိုမိုဆောင်ရွက်ဝေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ်တွင် Phaco Machine Visalis စက်ကို စဉ့်ကိုင် ခုတင်(၅၀)ဆံ့ မျက်စိရောဂါအထူးကုဆေးရုံသို့ ချထားပေးခဲ့ရာ တွဲဖက်အသုံးပြုနိုင်ရန်အတွက် Operation Microscope ဝက်၊ A-Scan & Keratometer စက်နှင့် Cassestte Instrument Sterilizer စက်တို့ လိုအပ်လျက်ရှိခဲ့ရာ A-Scan & Keratometer မန်ဘီလူး ပါဝါတိုင်းစက်ကို ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ် ဦးသောင်းနေဦး-Dr နှင်းနုထွေးတို့က (သမီး) မသောင်းနှင်းရွှေရည် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် သိန်း ၄၀၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ဦးမြင့်သိန်း(မြင့်မြတ်)မိသားစုက ၁၀ ဒသမ ၀ သိန်း၊ မျက်စိရောဂါအထူးကုဆေးရုံ (စဉ့်ကိုင်)မှ ကျန်းမာရေးဝန်ထမ်းများနှင့် မျက်စိဝေဒနာရှင်များက ကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၆၁ ဒသမ ၀ သိန်းကျဝ်ဖြင့် ဝယ်ယူလှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ မန်ဘီလူးဝါဝါတိုင်းစက်ကို မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များအား ကုသဆောင်ရွက်ရာတွင် အသုံးပြုပြီး အဆိုဝါစက်သည် ဆေးရုံတွင်ရှိပြီး စက်ချွတ်ယွင်းမှုကြောင့် အခက်အခဲဖြစ်ခဲ့ပြီး မန္တလေးရှိ အပြင်မျက်စိကုသရေးဆေးခန်းများသို့ သွားရောက်၍ မန်ဘီလူးပါဝါတိုင်းခဲ့ရကြောင်း ဒေသဆိုင်ရာဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးသွင်၏ ပြောပြချက်အရ သိရသည်။

စဉ့်ကိုင် မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ လာရောက်ကုသလျက်ရှိသော မျက်စိဝေဒနာရှင်များအနက် ငွေကြေးမတတ်နိုင်သူများကို အခမဲ့ကုသနိုင်ရေးအတွက် ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆေးရုံကြီးကြပ်ရေးအဖွဲ့မှ အလှူရှင်များရှာဖွေကာ ဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် ဦးလှဌေး ဌေးမိသားစု Co., Ltd. မှ မျက်စိဝေဒနာရှင် ၁၀၀ အတွက် ကျဝ် ၃၅ သိန်း၊ မောင်ဝိတ်မိသားဝုက ၅၀ ဦးအတွက် ငွေကျပ် ၀၇၅၀၀၀၀၊ ဦးအောင်မြတ် (Mother Trading Co.,Ltd.)မှ ၁၄ ဦးစာအတွက်၊ ဒေါက်တာအောင်လွင်ပြည့်ပြိုး Co., Ltd. မှ ၁၀ ဦးစာတို့အတွက် လှူဒါန်းခဲ့ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဦးအောင်မြတ် (Mother Trading Co., Ltd.) မှ မျက်စိဝေဒနာရှင်များအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ ဖြင့် လူဦးရေ ၁၀၀ စာအတွက် တစ်နှစ်လျှင် ကျပ်သိန်း ၃၀ ဖြင့် နှစ်စဉ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ မျက်စိဝေဒနာရှင်များအတွက် အလင်းဖြန်ဖြင်စေရန် အလှူရှင်များနှင့် ဌာနတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် အလှူရှင်များမရှိသေးသဖြင့် မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးနိုင်ရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိသောကြောင့် လှူဒါန်းလိုသူများရှိဝါက လှူဒါန်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ထွန်းထွန်းနိုင် (ကျောက်ဆည်)

တနင်္သာရီတိုင်းဒေသကြီး

ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

မြိတ်မြို့နယ်အတွင်းရှိ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးနှင့် မလိုလားအပ်သော ဘေးအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် မြိတ်ခရိုင်/မြို့နယ်အစားအသောက်ကြီးကြပ်ရေးအဖွဲ့မှ သက်တမ်းလွန်စားသောက်ကုန်များ၊ ပေါက်ပြဲ/သုံးစွဲရန်မသင့်သောစားသောက်ကုန်များအား ပြည်သူလူထုထံရောင်းချမှု မရှိစေရေးအတွက် ဇန်နဝါရီ ၇ ရက်က မြိတ်မြို့ဆိပ်ငယ်ဈေးနှင့် ထားဝယ်စုရပ်ကွက်အတွင်းရှိ စားသောက်ကုန်ဝစ္စည်းအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေး ပညာပေးဆောင်ရွက်ခဲ့ကြသည်။ (အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင်သက်တမ်းလွန်စားသောက်ကုန်များ၊ ပေါက်ပြဲ/သုံးစွဲရန်မသင့်သောစားသောက်ကုန်များ၊ သေနံ့ရှင်းလေတ်ဆတ်သော အစားအသောက်များ၌ ဖြစ်ပေါ်လာနိုင်သည့် ရောဂါများဖြစ်သည့်ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်၊ တိုက်ဖွိုက်(ခ) အရောင်ငန်းဖျားရောဂါ၊ သံကောင်ကျရောဂါ၊ အစာအဆိပ်တောက်ရောဂါ၊ ကင်ဆာရောဂါနှင့် အခြားရောဂါများ မဖြစ်ပွားစေရေးအတွက် မြိတ်ခရိုင်/မြို့နယ်အစားအသောက်ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများမှ စစ်ဆေးခဲ့ကြပြီး အရောင်းဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ သက်တမ်းလွန် စားသောက်ကုန်များအား ပြည်သူလူထုထံမရောင်းချမိစေရန်နှင့် အချိန်မီဖျက်ဆီးဝစ်ရေးတို့ကို ပညာပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ခိုင်ထူး)



ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် သက်တော်ရှည်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုဝတ္ထုဝဋ္ဍည်းဆက်ကပ်

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော သက်တော်ရှည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး ၂၇၀ တို့အား ဝတ်စုံနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက စစ်တွေမြို့ ပြည်လုံးချမ်းသာအတုလမာရဇိန်ဘုရားကြီးရင်ပြင်တော်၌ကျင်းပသည်။(အပေါ်ပုံ)

ရေးဦးစွာ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီးနောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်တို့က ဆရာတော်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဝတ်စုံနှင့်ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

[ပြည်နယ် ပြန်/ဆက်]

မွန်ပြည်နယ်

Mini Book Corner များတွင် စာအုပ်အသစ်များ ထပ်မံဖြည့်တင်းပေး

သထုံမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော နံရံကပ်စာပေရေချမ်းစင် Mini Book Corner များတွင် စာအုပ်စာစောင်အသစ်များကို ဇန်နဝါရီ ၆ ရက်က ထပ်မံဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ) သထုံမြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် စာစဉ် ၁၃ မျိုးပါသော Mini Book Corner စာပေရေချမ်းစင်ငယ်များကို သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၁၅ ခုနှင့် စာပေချစ်မြတ်နိုးသူများက လှူဒါန်းသည့် Mini Book Corner ၂၉ ခု စုစုပေါင်း ၄၄ ခုကို ပြည်သူ့အသိပညာပေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ထားရှိပေးထားပြီး စာပေချစ်မြတ်နိုးကြသူတို့အတွက် အပန်းဖြေအားထားရာ နေရာများလည်းဖြစ်သည်။ လက်ဖက်ရည်သောက်ရင်း ဆိုင်တွင်ထားရှိသော Mini Book Corner မှ စာအုပ်များဖတ်ရှုနေသူ ဦးသန်းမြင့်က "ဒီ ဦးကဲဆိုင်မှာ နေ့တိုင်း လက်ဖက်ရည်လာသောက်ပါတယ်၊ ခုလို စာပေရေချမ်းစင်လေးရှိတော့ ပိုပြီးပြည့်စုံသွားသလိုပဲ၊ လက်ဖက်ရည်တစ်ခွက်က ငွေပေးပြီး သောက်ရပေမယ့် စာပေရေချမ်းစင်တစ်ခုလုံးကိုတော့ ရက်ရက်ရောရော အခမဲ့သောက်ခွင့်ရတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေးပါ"ဟု ပြောကြားသည်။

[ခရိုင်ပြန်/ဆက်]

ရှမ်းပြည်နယ်

မိုင်းဖြတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ် မိုင်းဖြတ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဇန်နဝါရီ ၂ ရက်က နမ့်ပန်ကျေးရွာအုပ်စု နမ့်ပိုးထောင်ကျေးရွာတွင် မီးဘေးသင့်ခဲ့သည့် အိမ်ထောင်စုပင်များအား ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက ယခုအထိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ထောက်ပံ့ငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၆၄၂၀၀၀ ထောက်ပံ့ပေးထားကြောင်းနှင့် မိုင်းမယောင်းစွမ်ဟိန်းဂူဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစက်ရွှေက မီးဘေးသင့်အိမ်ထောင်စုများအား ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း၊ မှတ်ပုံတင်များ ပြန်လည်ဆောင်ရွက်ပေးနေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဆောင်ရွက်သင့်သည်များကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၇၅ သိန်းဖြင့် မိုင်းဖြတ်-နမ့်ယွန်း-နမ့်ပန်လမ်းအပိုင်း ခုနစ်မိုင်အရှည် ကျောက်ခင်းလမ်းအမျိုးအစားဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

[ခရိုင်ပြန်/ဆက်]

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးမြို့ဘူတာကြီး သာယာလှပရေးဆောင်ရွက်

ကလေးမြို့ဘူတာကြီးသည် ကလေးမှဝန်းဝေါသို့ နေ့စဉ်ခေါက်ပြန်ရထားပုံမှန်ပြေးဆွဲပြီး ခရီးသွားပြည်သူများ၏ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့ အဆင်ပြေကာ ခရီးသွားပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

ထိုသို့ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်ကြရန် ဘူတာကြီးသန့်ရှင်းသာယာလှပရေး၊ ပြုပြင်ရန်လိုအပ်သောနေရာများ ပြုပြင်နိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် အဆိုပါဘူတာကြီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။(အောက်ပုံ)

ကလေးမြို့တွင် ရထားလမ်းကြောင်းရှိခြင်းအားဖြင့် ကလေးမြို့နေပြည်သူများနှင့် ချင်းပြည်နယ်မှ ပြည်သူများအတွက် ကလေးမှဂန့်ဝေါသို့ ရထားစီးခ ဈေးနှုန်းချိုသာစွာဖြင့် လိုက်ပါစီးနင်းနိုင်ကြပြီး ထိုမှတစ်ဆင့် ပခုက္ကူ-မန္တလေးမြို့များသို့ ခရီးသွားလာနိုင်ကြသည့်အတွက် ကလေးမြို့ဘူတာကြီးသည် ခရီးသွားဝန်ဆောင်မှုအတွက် အလွန်အထောက်အကူပြုသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

[ဂျူနိုင်း]

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ဆီဆိုင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်သည် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်ကိုးနှင့်အတူ ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီက တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း ဆီဆိုင်မြို့နယ်အပိုင်းဖြစ်သော ဆီဆိုင်-ထီးစဲခါးအပိုင်းရှိ မိုင်တိုင်အမှတ်(၀၅၈/၇) မှ (၁၆၃/၀)ထိ ၄ မိုင် ၁ ဖာလုံ ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းအား စစ်ဆေးစဉ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း ၁ မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်း ပြီးဆုံးသွားပါက ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

[မြို့နယ်ပြန်/ဆက်]

ရှမ်းပြည်နယ်

လားရှိုးမြို့တွင် ရှမ်းပြည်နယ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၂၀၁၃/၂၀၁၄ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမရှေ့တွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူနှင့် ခရိုင်ပညာရေးမှူး ဦးအယ်လစန်တွဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာ၊ ကာယအလှအရေးပြစ်အက၊ ပဝါအကတို့ဖြင့် သရုပ်ပြ ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအဖြစ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမတွင် ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက-၆ မှ ကျောင်းသားကျောင်းသူလေးများက "စုံညီပွဲတော် ဒို့နွဲပျော်" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ယင်းနောက် ပြည်နယ်အဆင့် ဘက်စုံထူးချွန်လူရည်ချွန် ၃၀၊ အင်္ဂလိပ်စာစွမ်းရည်ဆုရရှိသူ ၀၅ ဦး၊ သင်္ချာစွမ်းရည်ဆုရရှိသူ ၁၆ ဦး၊ ကင်းထောက်လူငယ်တစ်ဦး၊ အခြေခံပညာအဆင့် (အဆို၊ အက၊ အရေး၊ အတီး)ပြိုင်ပွဲ ဆုရရှိသူ ခုနစ်ဦး၊ သဘာဝဘေးအန္တရာယ်လျော့ကျရေးနေ့အထိမ်းအမှတ်၊ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူ ၄၂ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဆုရရှိသူ နှစ်ဦးတို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

[ဟန်ဌေး-ပြန်/ဆက်]

ရွှေဝတီတိုင်းဒေသကြီး

မြန်အောင်မြို့နယ်တွင် စပါးခြွေလှေ့စက်များကို တွင်ကျယ်စွာအသုံးပြုလျက်ရှိသော်လည်း ယခုကဲ့သို့ လက်တွန်းထွန်စက်များဖြင့် စပါးခြွေလျက်ရှိနေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။ [နေဝင်းဇော်-မြန်အောင်]

ပဲခူးတိုင်းဒေသကြီး

မိသားစုတစ်ပိုင်တစ်နိုင် ဘိလပ်မြေဖြင့် ပြုလုပ်ထားသော အိမ်သုံးပစ္စည်းများ ပြုလုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလျက်ရှိ

ကျောက်တံခါးမြို့ပတ်ပန်းကျင်ရှိ ကျေးရွာများသည် အများအားဖြင့် တောင်ယာလုပ်ကိုင်၍ ဘဝရပ်တည်နေရသော လယ်သမားအများစုနေထိုင်ကြသည်။ သို့သော်လည်း ယခုအခါ ခေတ်နှင့်လျော်ညီသော အသုံးအဆောင်ပစ္စည်းများအား သုံးစွဲလာကြပြီး လူနေမှုအဆင့်အတန်းမြင့်မားလာကြကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး(လမ်းဟောင်း)ပေါ်ရှိ ဘာဘုကန်းကျေးရွာတွင် ဘိလပ်မြေဖြင့် ပြုလုပ်ထားသော ခြစည်းရိုးကျောက်တိုင်၊ အုတ်၊ နွားစားကျင်း၊ စည်ပိုင်း၊ ကျောက်ပြားဘလောက်တုံးကျောက်ပြား အမျိုးမျိုး၊ ပြွန်၊ ပြွန်ပေါက်၊ အိမ်သာကျင်းစသည့် အိမ်သုံးပစ္စည်းအမျိုးမျိုးကို မိသားစုတစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချခြင်းဖြင့် အနီးအနားရှိကျေးရွာများမှ လာရောက်ဝယ်ယူသုံးစွဲလျက်ရှိပြီး တောင်သူများ၏ ဘဝနေထိုင်မှုအဆင့်အတန်းမြင့်မားလာကာ ယခင်က အိမ်သာမရှိသူများပင်။ ယခုအခါ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ သစ်သားဖြင့် ပြုလုပ်ထားသော နွားစားကျင်းအစား ဘိလပ်မြေဖြင့် ပြုလုပ်ထားသော နွားစားကျင်းများ အသုံးပြုလာခြင်းတို့ကြောင့် ပတ်ဝန်းကျင်ကျေးရွာရှိ တောင်သူများမှာ လူနေမှုအဆင့်အတန်းမြင့်လားလာကြ၍ မိသားစုတစ်ပိုင်တစ်နိုင်ပြုလုပ်ရောင်းချခြင်းဖြင့် ပင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

[မျိုးဦး-ကျောက်တံခါး]

တနင်္သာရီတိုင်းဒေသကြီး

ကော့သောင်း-ကရသူရိ-ဘုတ်ပြင်း အဝေးပြေးကားလမ်းပိုင်း ခရီးသွားပြည်သူများအဆင်ပြေချောမွေ့ရေး လုပ်ငန်းများဆောင်ရွက်

ကော့သောင်း-ကရသူရိ-ဘုတ်ပြင်း အဝေးကားလမ်းပိုင်းခရီးသွားပြည်သူများ အဆင်ပြေချောမွေ့ရေးလုပ်ငန်းများအား မြို့နယ်ခွဲပြည်သူ့ဆောက်လုပ်ရေးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကော့သောင်း-ကရသူရိ-ဘုတ်ပြင်း အဝေးပြေးကားလမ်း(ယာပုံ)သည် မိုးရာသီတွင် လမ်းဘေးဝဲယာမြောင်းများ ပိတ်ဆို့ခြင်းကြောင့် လမ်းများပေါ်ရေကျော်ခြင်း၊ တချို့လမ်းပိုင်းများပျက်စီးကာ ခရီးသွားပြည်သူများ အခက်ကြုံရလေ့ရှိသဖြင့် ယခု ပွင့်လင်းရာသီတွင် မြို့နယ်ခွဲပြည်သူ့ဆောက်လုပ်ရေးဌာနမှ တာဝန်ယူ၍ ကားလမ်းပိုင်းရေကျော်သည့် နေရာများတွင် ကွန်ကရစ်ပြွန် တံတားငယ်များ ပြုလုပ်ပေးခြင်း၊ လေ့လာရေးခရီးသွား နိုင်ငံခြားသားခရီးသွားများ မိုင်နှုန်းသိစေရန် မိုင်တိုင်အမှတ်အသားများစိုက်ထူပေးခြင်း၊ ပျက်စီးယိုယွင်းသည့် လမ်းပိုင်းများအား ဆောလျင်စွာ ပြင်ဆင်ပေးပြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသဖြင့် အရင်ခက်ခဲသောလမ်းမှာ ယခုအခါ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ရာ ဒေသခံနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

[ကရသူရိ-ပြန်/ဆက်]

တနင်္သာရီတိုင်းဒေသကြီး

မြန်မာပြည်တောင်ဘက်ခြမ်းမှ မောတောင်အလှ

မြန်မာပြည် တောင်ဘက်စွန်း တနင်္သာရီတောင်တန်းများ၏ နယ်စပ်တံခါးဝမှ သဘာဝအလှတရားများ၊ မြန်မာ့ယဉ်ကျေးမှုတံခါးဝအဖြစ် စီးပွားရေးတံတိုင်းသဖွယ် သမိုင်းတွင်မည့် မောတောင် အထူးစီးပွားရေးဇုန်(စိတ်)သည် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး၏ စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်အဖြစ်မြင်တွေ့နိုင်သည်။

မြန်မာနိုင်ငံတော်၏ အထူးစီးပွားရေးဇုန် အရှိန်အဟုန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာပြည်တောင်ဘက်ပိုင်း တနင်္သာရီဒေသ အထူးစီးပွားရေးဇုန်များဖြစ်သော ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ ထွီးခီးကုန်သွယ်ရေးတံခါးပေါက်၊ မော့လူးထ စီးပွားရေးဇုန်မြစ်ပေါ်စေရေး၊ မြိတ်အထူးစီးပွားရေးဇုန်၏ ကျောက်ဖြာဆိပ်ကမ်းစက်မှုဇုန်၊ မြိတ်ရေနက်ဆိပ်ကမ်း၊ ပြင်းငယ်-ဘုရားထွက်စက်မှုဇုန်နှင့်အပြိုင် မောတောင်ကုန်သွယ်ရေးတံခါးပေါက်သည်လည်း နိုင်ငံတော်၏ ကူးသန်းရောင်းဝယ်ရေးတံခါးပေါက် သို့မဟုတ် မြန်မာ-ထိုင်းအကျိုးတူ ဝူးဝေါင်းမှု စီးပွားရေးလုပ်ငန်းအဖြစ် မြန်မာ-ထိုင်း-မလေးရှား-စင်ကာပူမှတစ်ဆင့် လွတ်လပ်သော အာဆီယံကုန်သွယ်ရေးဇုန် (ကုန်းတွင်းပိုင်း စီးပွားရေးလမ်းကြောင်း)မှ ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ရေကြောင်းဖွံ့ဖြိုးတိုးတက်မှု၏ မြယုဂ်အဖြစ် မြင်တွေ့နိုင်သည်။

မောတောင်အထူးစီးပွားရေး ကူးသန်းရောင်းဝယ်ရေး ဌာနအသစ် ဖွင့်လှစ်နိုင်မြင်းကြောင့် ရေးယခင်ထားဝယ်ခရိုင်ဒေသနှင့် မြိတ်ခရိုင်ဒေသနေ တိုင်းရင်းသားပြည်သူများ သစ်ဝင်စိုက်၊ လယ်ထွန်ခြင်းနှင့် ပင်လယ်ရေပြင်တွင် သားငါးဖမ်းဆီးခြင်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ယခုအခါ ဆီအုန်း၊ ကျွန်းသစ်၊ ရော်ဘာပင် စိုက်ပျိုးခြင်း၊ ဝင်လယ်ပြင်ငါးဖမ်းထွက်ခြင်းနှင့် သတ္တုတွင်းထွက် ရွှေ ခဲ၊ အဖြိုက်နက်တူးဖော်ခြင်းလုပ်ငန်းများအပြင် စက်မှုဇုန်နှင့်ပုလဲမွေးမြူရေးလုပ်ငန်းကို အဓိကထား အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

တနင်္သာရီတောင်တန်းကြီးများ၏ မောတောင်စခန်း အလှတရားသည်လည်း ဆေးရေးပန်းချီကားသဖွယ် အနုပညာဆန်လှသည်။

ဒေသခံတိုင်းရင်းသားများ၏ ဆီအုန်းခြံများ၊ သစ်တောစိုက်ခင်းများ၊ ခြံဥယျာဉ်လုပ်သားများ၊ ရော်ဘာဝင် စိုက်ပျိုးသူများဖြင့် စည်ကားလျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပုံရိပ်အဖြစ် စက်ရုံအလုပ်ရုံများ၊ ဒေသလုံခြုံရေးရုံးများ၊ တရားဥပဒေစိုးမိုးရေးရုံးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့်အတူ ဈေးဆိုင်ခန်းများ၊ ဈေးဆိုင်တန်းများ၊ ကုန်တိုက်များ၊ ကုန်စုံဆိုင်များဖြင့် ရောင်းဝယ်ဖောက်ကားစည်ကားလျက်ရှိသည်။

မောတောင် အထူးစီးပွားရေးဂိတ် ကူးသန်းရောင်းဝယ်ရေးဌာနသို့ အထက်မြန်မာပြည် မြို့ကြီး၊ မြို့ငယ်များမှ လူနှင့်ကုန်ပစ္စည်းတို့ကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့မြင့် အလွယ်တကူအလျင်အမြန် နေ့ညမရွေး သွားလာ သယ်ယူနိုင်ခြင်းသည် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးနှင့် တနင်္သာရီရိုးမတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဝေဆာနေမှု၏ အဓိကသော့ချက်များပင်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုကလည်း "ဒေသကြီးတစ်ခုလုံးတိုးတက်ရေးနှင့်မောတောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မောတောင်တစ်ဆက်တည်း ထိုင်းနိုင်ငံ ပရာချွတ်(ပကျွတ်)မြို့တစ်ဝိုက်စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတိုင်း မောတောင်ဒေသတစ်ဝိုက်လည်းပြိုင်တူ အကျိုးတူပူးပေါင်းဆောင်ရွက်မှု၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရေ၊ မီး ပြည့်စုံရေး ရန်ကုန်-မြိတ်- မောတောင်သည် ပရာချွတ်မှ ဗန်ကောက်မြို့ကြီးအထိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေမှုကို စံပြု၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ပညာရှင်များ ဘက်ပေါင်းစုံမှ အကောင်းဆုံးဖြစ်အောင် စီမံလျာထား ဆောင်ရွက်ရေး" အားပေးတိုက်တွန်းလျက်ရှိသည်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းကို တွေ့ရစဉ်။

၂၀၀၈ ခုနှစ်တွင် ပြည်ဖြိုးထွန်းကုမ္ပဏီမှ တနင်္သာရီမြို့နယ် မောတောင်ဒေသအတွင်း ဆီအုန်းဝင် ပျိုးဝင်ဝေါင်း ၈၅၀၀၀၊ ရော်ဘာပင် ၂၂၈၈၅၀၊ ယူကလစ်ဝင် ၅၅၁၀၀၀၊ သစ်မာပင် ၉၈၅၂၀၀ တို့ကိုစိုက်ပျိုးထားသည်။ မြိတ်အများပိုင်ကုမ္ပဏီသည် မြေသားလမ်း ၉၉ ဒသမ ၈၈ မိုင်၊ ကျောက်ခင်းလမ်း ၃၃ မိုင် စုစုပေါင်း မိုင် ၁၁၀ ခင်းကျင်းပြီးမြစ်သည်။ ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်တွင် မောတောင်အထူးစီးပွားရေးဇုန် ကူးသန်းရောင်းဝယ်ရေးဂိတ်ကို ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစီး၍ မြိတ်ခရိုင် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဖွင့်လှစ်ပေးသည်။

ပြည့်ဖြိုးထွန်းကုမ္ပဏီ အအေးခန်းစက်ရုံ၏ တစ်နာရီ ရေခဲတန် ၀၀၀၀၀ ကျ အအေးခန်းစက်ရုံ၊ စက်မှုထုတ်ကုန်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစေရေးအတွက် ယူကလစ်ပင်၊ သစ်မာမျိုးစုံ၊ ရော်ဘာ၊ ဆီအုန်းနှင့် ဆီထွက်သီးနှံများ၊ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများသည် ဘက်စုံစီးပွားရေးစွမ်းအားမြင့်တင်ခြင်း၊ မြို့ပြ၊ ကျေးလက်တစ်ပြေးညီဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဈေးကွက်စီးပွားရေးအောင်မြင်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားလာသော တနင်္သာရီတိုင်းဒေသကြီး မောတောင်အလှက စာဖွဲ့မကုန်နိုင်လောက်အောင် ရှေးဖူးရွှေမည်းတင်စားဆဲ၊ ရော်ဘာနှင့်ဆီအုန်း၊ကျွန်း၊ သစ်မာပင်များရှင်သန်ရာဒေသ တနင်္သာရီရိုးမ၏ စိမ်းစိုဝေဆာနေမှုများဖြင့် နိုင်ငံတော်၏ ဆီအိုးကြီးသဖွယ် စီးပွားရေးဖြစ်ထွန်းအောင်မြင်ရာ ဒေသကြီးတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

သတင်း - လေသူရဲကောင်း(မိတ္ထီလာ)

ဓာတ်ပုံ - စတားဇော်လတ်

မကွေးတိုင်းဒေသကြီး

တောင်သူလယ်သမားများအတွက် သဘာဝမြေသြဇာဖော်ဆောင်သောနည်းစနစ် အခမဲ့သင်တန်းဖွင့်လှစ်

မြေသြဇာ ဖော်ဆောင်သော နည်းစနစ် ၁၀ ရက်အခမဲ့သင်တန်းကို မကွေးမြို့နယ် သြဇာကုန်းကျေးရွာတွင် ဇန်နဝါရီ ၅ ရက်မှ ၁၄ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မကွေးမြို့ ဆားစည်ရပ်ကွက် ဈေးလမ်း အမှတ် (၁၆၁) ရတနာမေတ္တာ (NGO) အဖွဲ့မှ ပံ့ပိုးကူညီ၍ (Way of The Organic Farming) အော်ဂဲနစ်စိုက်ပျိုးရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝကျကျဖော်ဆောင်သော နည်းစနစ် အခမဲ့ပို့ချရေးအဖွဲ့က ၁၀ ရက် သင်တန်းပေး ပို့ချလျက်ရှိကြောင်းနှင့် သင်တန်းတက်ရောက်သူ တောင်သူ ၃၅ ဦးရှိကြောင်း သိရသည်။

"ကျွန်တော်တို့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝကျကျ ဖော်ဆောင်သော နည်းစနစ်ကတော့ (ဓာတု) မြေသြဇာတွေအစား အသုံးမြုတဲ့ သဘာဝမြေသြဇာမြုလုပ်သုံးစွဲခြင်းဖြစ်ပါတယ်။ မိမိတို့ရဲ့ အိမ်နောက်ဖေးမှာ အလျား ၁၂ ပေ၊ အနံ ၃ ပေ၊ အမြင့် ၃ ပေကန်ပြုလုပ်ပါ။ အောက်ခြေတွင် ပလတ်စတစ်ခင်းထားပါ။ အောက်ခြေမှာ မြေဆွေး (သို့မဟုတ်) နမ်းရိုးစတ်၊ ကောက်ရိုး တစ်လက်မတစ်ထပ်ခင်းပါ။ နောက် နွားချေး၊ ကျွဲချေးတစ်လက်မ တစ်ထပ်ခင်းပါ။ အဲဒီအပေါ်ကနေ ခင်ဖျားတို့ကိုပေးထားတဲ့ စာရွက်မှာပါတဲ့ စွန့်ပစ်ပစ္စည်းတွေကို ထည့်ပါ။ လယ်ယာလုပ်ငန်းမှစွန့်ပစ်ပစ္စည်း၊ သစ်တောထွက်စွန့်ပစ်ပစ္စည်း၊ ရေလုပ်ငန်းမှစွန့်ပစ်ပစ္စည်း၊ မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းနှင့် တိရစ္ဆာန်များမှ စွန့်ပစ်ပစ္စည်းဆိုတဲ့ အဲဒီငါးမျိုးကို သဘာဝမြေသြဇာပြုလုပ်နိုင်ပါတယ်။ အဲဒီမြေသြဇာကန်တစ်ခု ပြုလုပ်လို့ရတဲ့ သဘာဝမြေသြဇာတွေက တစ်တင်းခွဲအိတ် ၅၀ ရမယ်၊ လယ်ယာငါးဧကအတွက် အသုံးပြုလို့ရမယ်၊ သဘာဝမြေသြဇာကန်တစ်ကန်ရဲ့ ကုန်ကျစရိတ်က ငွေကျပ် ၅၀၀၀၀ခန့်သာ ကုန်ကျပါမယ်။ လုပ်ပုံလုပ်နည်းစနစ်ကိုတော့ အခြေခံသင်တန်း ငါးရက်၊ ပုံမှန်သင်တန်း ခုနစ်ရက် ယခုကျင်းပတဲ့ အဆင်မြင့်သင်တန်း ၁၀ ရက်ပြီးသွားရင် အားလုံးသဘောပေါက်နားလည်ပြီး အသုံးပြုလုပ်တတ်သွားပါမယ်"ဟု သင်တန်းဆရာ ဦးလှဆန်းက ပြောပြသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝကျကျဖော်ဆောင်သော နည်းစနစ် အခမဲ့ပို့ချရေးအဖွဲ့မှ ဆရာများကိုယ်တိုင် သဘာဝမြေသြဇာ ထုတ်လုပ်ပြီး လက်တွေ့ စိုက်ပျိုးထားသော စိုက်ခင်းများကိုပြသခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(တင်ထွန်းဦး)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂၀၁၄ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရာ နန်းယွန်းမြို့မှ ကြိုဆိုပါ၏

မောင်ရဲဝင်း (DR)

"နန်းယွန်းမြို့"... ကဗျာဆန်ပြီး လှပသည့် အမည်လေးတစ်ခု။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဝဒေသ၏ မြို့တစ်မြို့။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီး၊ လဟယ်၊ နန်းယွန်းဟူ၍ မြို့သုံးမြို့ ဝါဝင်ရာ နန်းယွန်းသည် လူသိနည်းသည်ဟု ဆိုနိုင်ပေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၁၀၀ တွင် တည်ရှိသော နန်းယွန်းမြို့သို့ လမ်းကြောင်းနှစ်ခုမှ သွားနိုင်သည်။ ၂၉-၀၂-၂၀၁၃ ရက်နေ့ထုတ်ကြေးမုံတွင် ဆောင်းပါးရှင် ဖိုးချမ်း(မရှာ)က ခန္တီးဘက်မှ သွားသောလမ်းကို တင်ပြပြီးဖြစ်သဖြင့် ကျန်တစ်လမ်းဖြစ်သော ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ သွားသောလမ်းကို ဆက်လက်တင်ပြပေးပါမည်။

မြစ်ကြီးနားမှ နန်းယွန်းသို့ သမိုင်းဝင် လီဒိုလမ်းမကြီးအတိုင်းလာလျှင် ၁၉၅ မိုင်ကွာပေးပါသည်။ မြစ်ကြီးနားမှ တနိုင်းသို့ မိုင် ၁၂၀၊ တနိုင်းမှ ရှင်ဗွေယန် ၄၃ မိုင်၊ ရှင်ဗွေယန်မှ နန်းယွန်းသို့ ၃၂ မိုင်ဖြစ်သည်။ မြစ်ကြီးနားမှတနိုင်းသို့ ခုန်လုံအဲကွန်းလိုင်းကားများရှိရာ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြစ်ပြီး ယာဉ်စီးချိန် ၇ နာရီခန့်ကြာမြင့်သည်။ ဝါဂွန်ရိုးကားများလည်း စီးလိုက်နိုင်ပါသည်။ တနိုင်းမြို့အထိသာလျှင် GSM ဖုန်းလိုင်းမိပါသည်။

တနိုင်းမှ ရှင်ဗွေယန်သို့ ဆိုင်ကယ်ကယ်ရီခမှာ တစ်ကြောင်းလျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်ခန့်ကျပြီး လမ်းခရီးတွင် တလုံချောင်းနှင့် တာမ်ချောင်းကို ဇက်ဖြင့်ကူးရသည်။ ပုံမှန်အားဖြင့် ဆိုင်ကယ်စီးချိန် နှစ်နာရီခွဲခန့်ကြာမြင့်သော်လည်း ဇက်ဖြင့်ချောင်းကူးချိန်ပေါ်မူတည်၍ အတိုးအလျော့ရှိနိုင်သည်။ ရှင်ဗွေယန်မြို့နယ်ခွဲသည် တနိုင်းမြို့နယ်အတွင်းတည်ရှိကာ ကချင်ပြည်နယ်၏ နယ်နိမိတ်အဆုံးဖြစ်သည်။

ရှင်ဗွေယန်မှ နန်းယွန်းသို့သွားသောလမ်းမှာ နာဂတောင်တန်းကို ဖြတ်သန်းရသော တောင်တက်လမ်းဖြစ်၍ ဆိုင်ကယ်ကယ်ရီခမှာ တစ်ကြောင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ခန့်ကျပြီး ရာသီဥတုနှင့် လမ်းအခြေအနေပေါ်မူတည်၍ ဈေးနှုန်းနှင့်ခရီးကြာမြင့်ချိန် ပြောင်းလဲနိုင်သည်။ ပွင့်လင်းရာသီတွင်မှ လမ်းများဖောက်ဖြူး၍ ခရီးမှာ နှစ်နာရီကျော်သာ ကြာမြင့်ပါသည်။ တောင်ပတ်လမ်းများဖြစ်၍ တစ်ဖက်တွင် တောင်နံရံ၊ တစ်ဖက်တွင် ချောက်ကမ်းပါးဖြင့် ရင်မိစွာ ဖြတ်သန်းရသည်မှာ စိတ်လှုပ်ရှားစရာပင်။ လမ်းတစ်လျှောက်တွင်တွေ့ရသော ကြိုးတံတားများ၊ ချောင်းများ၊ တောတောင်ရှုခင်းများမှာ တစ်သက်မမေ့နိုင်စရာ အသက်ရှူမှားလောက်သော မြင်ကွင်းများဖြစ်သည်။ အတက်အဆင်းလမ်းခရီးများ ဖြတ်ကျော်ပြီးသည်နှင့် အေးချမ်းသာယာလှပသော နန်းယွန်းမြို့လေးသို့ ရောက်ရှိမည်ဖြစ်သည်။

ပြည်ထောင်စုဖွား နာဂတိုင်းရင်းသားများနေထိုင်ရာ နန်းယွန်းမြို့လေးသည် အမိကအားဖြင့် မြို့မ၊ ရှုရ၊ ရော့ကော့ စသည်ဖြင့် မြို့ပေါ်ရပ်ကွက်သုံးခုဖြင့် ဖွဲ့စည်းထားကာ လူဦးရေ နှစ်ထောင်ခန့်သာရှိသည်။ သို့သော် နန်းယွန်းမြို့နယ်တွင်မူ နန်းယွန်း၊ ဒုံဟီး၊ ပန်ဆောင်ဟူ၍ မြို့သုံးခုရှိကာ လူဦးရေ စုစုပေါင်း ၅၀ပပပကျော်ရှိသည့်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ် ၈၇ ခုတွင်ပါဝင်သည့် မြို့တစ်မြို့အဖြစ် နိုင်ငံတော်မှ သတ်မှတ်ထားသော်လည်း ယခုအချိန်တွင် CDMA450MHz လက်ကိုင်ဖုန်းများအသုံးပြုလျက်ရှိကြပြီး မကြာမီ GSM ဖုန်းလိုင်းများပါ တိုးချဲ့ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်မှာ အားတက်စရာပင်။ ထို့ပြင် လျှပ်စစ်မီးရရှိမှုတွင်လည်း ယခုလောလောဆယ်၌ ညနေ ၆ နာရီမှ ည ၉ နာရီအတွင်းသာ မီးပေးနိုင်သော်လည်း မကြာမီအချိန်တွင် ၂၄ နာရီမီးလင်းရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသဦးစီးလမ်းညွှန်မှုဖြင့် ၂၀၁၄ နာဝရိုးရာ နှစ်သစ်ကူးပွဲတော်အတွက် ဌာနဆိုင်ရာများအလိုက် ကော်မတီ၊ ဆပ်ကော်မတီများဖွဲ့ကာ ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ရိုးရာပွဲတော်အား နာဝဒေသ မြို့သုံးမြို့တွင် အလှည့်ကျကျင်းပရာ ယခု ၂၀၁၄ ခုနှစ်တွင် နန်းယွန်းမြို့၌ အလှည့်ကျပြီး ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်ပွဲနှင့် ၁၅ ရက်တွင် မီးပုံပွဲစသဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များ၊ သီတဂူဆရာတော်ကြီးကဲ့သို့ ဘာသာရေးအကြီးအကဲများ၊ နိုင်ငံခြားသားဧည့်သည်များ စသည်တို့ တက်ရောက်လေ့ရှိသည့် နိုင်ငံတော်အဆင့် ပွဲတော်ဖြစ်သည်နှင့်အညီ နန်းယွန်းမြို့သူ မြို့သားများကလည်း သုံးနှစ်မှတစ်ခါ ကျင်းပခွင့်ရသည့် ပွဲတော်ကြီးအတွက် ရိုးရာယဉ်ဝတ်စုံများဖြင့် ဧည့်ခံရန် အားကြိုးမာန်တက် ပြင်ဆင်နေကြပါသည်။

